မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ကိုလေသာမာရ် ကိုယ်တွင်းရန်

ရေတည်းဟူသော မှီရာတည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ ပစ်ချထားအပ်သော ငါးသည် တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ ကိုလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ် တုန်လှုပ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၄)

၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်၊ တနလာနေ့ အတွဲ (၆၃)၊ အမှတ်(၃၆၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်စနစ်လုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံစီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် သာစည်-မန္တလေး မီးရထားလမ်းပိုင်းပေါ်ရှိ စမုံချောင်းတံတား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုများဖြစ်ပေါ်ခဲ့သည့် သာစည်-မန္တလေး မီးရထားလမ်းပိုင်းပေါ်ရှိ ရထားလမ်းပိုင်းများနှင့် စမုံချောင်းတံတား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြတ္တန်းဦးနှင့် ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာ ညွှန့်ဖေ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် သာစည်-မန္တလေး မီးရထားလမ်းပိုင်းပေါ်ရှိ စမုံချောင်းတံတား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ၏

ယနေ့ ဖတ် စ ရာ

နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကမ်းလှမ်းဖိတ်ခေါ်ခြင်းအပေါ် အဖွဲ့အစည်းအသီးသီးမှ ကြိုဆိုထောက်ခံကြောင်း သဘောထားများထုတ်ပြန်

ထုတ်ပြန်ချက် စာ ၇

နိုင်ငံရေးနှင့် နိုင်ငံ့အရေး

ဆောင်းပါး စာ ၁၀

စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်လည်ပတ်ရေး တတ်နိုင်သည့်ဘက်မှ ဝင်ရောက်ရင်းနှီးမြှုပ်နှံ

ရာဂီမုနိတိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော သဘာဝဘေးအန္တရာယ် ဖြစ်သည့် ရုတ်တရက်ရေကြီးရေလျှံဘေးဒဏ်သင့်ခဲ့သည့် ဒေသများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စေတနာရှင် အလှူရှင်များက အလှူငွေများ ဒုတိယအကြိမ် ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၂၈ ရက်တွင် နေပြည်တော်ဌာနကျင်းပရာ စုစုပေါင်းအလှူငွေကျပ် ၁၀ ဒသမ ၅ ဘီလီယံကျော် လက်ခံရရှိခဲ့သည်။ စက်တင်ဘာ ၂၁ ရက်က ကျင်းပခဲ့သည့် ပထမအကြိမ် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင်လည်း အလှူငွေစုစုပေါင်း ကျပ် ၃၂ ဒသမ ၂ ဘီလီယံကျော်ကို လက်ခံရရှိခဲ့ရာ စေတနာရှင်၊ အလှူရှင်များ၏ စေတနာသဒ္ဓါ ထက်သန်မှုမှာ ဝမ်းမြောက်ဝမ်းသာ အနုမောဒနာ သာဓုခေါ်ဖွယ်ရာပင်ဖြစ်သည်။

အလှူငွေများ ဒုတိယအကြိမ် ပေးအပ်လှူဒါန်းပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အလှူငွေများလက်ခံပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ရာ “ပျက်စီးခဲ့ရသည့် စိုက်ပျိုးမြေများ၌လည်း သင့်လျော်သည့် သီးနှံများကို ပြန်လည်စိုက်ပျိုးနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်အရင်းအနှီးများကို နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များအနေဖြင့်လည်း တတ်နိုင်သည့်ဘက်မှ ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ထိုသို့ ဆောင်ရွက်မည်ဆိုပါက ထိခိုက်ခဲ့ရသည့် စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်မည်ဖြစ်သကဲ့သို့ ကုန်ထုတ်လုပ်မှုများကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများကိုလည်း အလားတူ ဆောင်ရွက်ပေးနိုင်ရေး စဉ်းစားပေးကြရန်လိုကြောင်း” ထည့်သွင်းပြောကြားခဲ့သည်။

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ရေကြီးရေလျှံမှု ဘေးဒဏ်ခံစားခဲ့ရသည့် ဒေသအများစုမှာ စိုက်ပျိုးရေးဖြင့် အဓိက အသက်မွေးဝမ်းကျောင်းပြုကြပြီး တစ်ပိုင်တစ်နိုင်မွေးမြူရေးနှင့် စီးပွားဖြစ်မွေးမြူရေးအချို့လည်း ရှိကြသည်။ စပါး၊ ပဲ၊ ပြောင်း၊ ကြံ၊ ကြက်သွန်၊ ငရုတ်၊ ဖရဲ၊ သခွားမွေး၊ ပန်းဂေါ်ဖီ၊ ဂေါ်ဖီ ထုပ်၊ မုန်လာ စသည်ဖြင့် စားသုံးသီးနှံ၊ ဆီထွက်သီးနှံ၊ မီးဖိုချောင်သုံးသီးနှံ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်များ စိုက်ပျိုးထုတ်လုပ်ရာ ဒေသကြီးများဖြစ်သည်။ နွား။ ဆိတ်၊ ကြက်၊ ဝက် စသည်တို့ကိုလည်း စိုက်ပျိုးရေးနှင့်အတူ တွဲဖက်မွေးမြူကြပြီး မွေးမြူရေးဒြပ်အချို့လည်း ရှိသည်။ နာဂီပေါင်းများစွာ မိုးရေချိန်လက်မများစွာရွာသွန်းပြီး တောင်ကျရေများ ဒလဟောထိုးဆင်းကာ ရုတ်တရက်ရေကြီး ရေလျှံမှုများ ဖြစ်ပေါ်ချိန်တွင် ရေနှင့်အတူပါလာသည့် သစ်ပင်၊ သစ်ကိုင်း၊ သစ်တုံးများ၊ ရွှံ့ညွန်အနည်အနှစ်များ တိုက်စားဖုံးလွှမ်းမှုတို့ကြောင့် စပါးစိုက်ကေပေါင်း ခုနစ်သိန်းရှစ်သောင်းကျော်၊ တိရစ္ဆာန်သေဆုံးမှုပေါင်း တစ်သိန်းရှစ်သောင်းခန့်ရှိခဲ့သည်။ ရေဘေးဒဏ်ခံခဲ့ရသည့် စိုက်ပျိုးမွေးမြူကောင်သူတို့အဖို့ လယ်ယာ ကျွဲနွား အိမ်ရာ ပစ္စည်းဥစ္စာ ဆုံးရှုံးမှုများအပြင် မိသားစုဝင်များ ဆုံးရှုံးရသူများလည်း ရှိနေရာ လုပ်ငန်းများပြန်လည်လုပ်ကိုင်နိုင်ရန်မှာ အခက်အခဲများစွာ ရှိနေမည်ဖြစ်သည်။

ရာဂီမုနိတိုင်းနှင့် ဆက်စပ်ဖြစ်ပွားခဲ့သည့် ရေဘေးအန္တရာယ်သည် ဧရိယာကျယ်ပြန့်များပြားပြီး ထိခိုက်ပျက်စီးဆုံးရှုံးမှုကြီးမားသည်နှင့်အညီ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ကိုင်ရမည့် လုပ်ငန်းနယ်ပယ် ကျယ်ပြန့်များပြားလှသည်။ စိုက်ပျိုးရေးအဓိကဖြစ်သော မိမိတို့နိုင်ငံအဖို့ ထိခိုက်ပျက်စီးခဲ့ရသော စိုက်ပျိုးမြေများနှင့် စိုက်ပျိုးထုတ်လုပ်သူတောင်သူတို့ကို အလျင်အမြန် ပြန်လည်နာလန်ထူလာစေရန် လိုအပ်သမျှကို အဘက်ဘက်မှ အားဖြည့်ကူညီပေးမှသာလျှင် နိုင်ငံ့စီးပွားလျော့နည်းကျဆင်းမှုအပေါ် ကုစားနိုင်မည်ဖြစ်သည်။ ပျက်စီးသွားသည့် လယ်မြေ ယာမြေများ အလျင်အမြန် ပြန်လည်ပြုပြင်ရေး၊ သီးနှံမျိုးစေ့ မျိုးကောင်းမျိုးသန့်များ ရရှိရေး၊ စိုက်ပျိုးရေးများ အချိန်မီရရှိရေး၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ရရှိရေးတို့အတွက် ရင်းနှီးမြှုပ်နှံ၍ ပြည်တွင်းပြည်ပ ဈေးကွက်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ရေဘေးသင့်တောင်သူများ၊ ဝင်ရောက်ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ နှစ်ဦး နှစ်ဝ အကျိုးဖြစ်ထွန်းကြစေရေး စဉ်းစားဆောင်ရွက်နိုင်ကြပါစေကြောင်း။ ။

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၂၉ မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မိုး/၈လ

အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့

INTERNATIONAL DAY OF OLDER PERSONS

သက်ကြီးပုဂ္ဂိုလ်များ ဂုဏ်သိက္ခာရှိစွာရပ်တည်ရေး ကမ္ဘာအနှံ့ဘက်စုံပြုစုစောင့်ရှောက်ပေး

" Ageing with Dignity: The Importance of Strengthening Care and Support Systems for Older Persons Worldwide"

၁.၁၀.၂၀၂၄ **နေပြည်တော်**

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိသာငွေကျပ် ၆၇၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် စက်တင်ဘာ ၂၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ အနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၆ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိသာလျှင် ငွေကျပ် ၆၇၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀ -၉-၂၀၂၄ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၃၁၃၅	၃၂၁၅	၃၁၉၀	၃၁၈၅	၃၂၁၅	၃၂၄၀	၃၂၄၀	၃၁၉၅	၃၄၂၀	၃၄၅၀	၃၂၀၅	၃၂၂၀	၃၂၅၀	၃၂၄၀	၃၂၅၅	၃၆၈၅	၄၆၀၀
95 Ron	၃၂၉၀	၃၄၃၀	၃၄၄၅	၃၄၀၀	၃၄၃၀	၃၄၈၅	၃၄၉၅	၃၄၅၀	၃၄၇၅	၃၅၈၅	၃၄၆၀	၃၄၀၅	၃၄၉၅	၃၄၁၀	၃၄၁၀	၃၈၀၀	၄၈၀၀
HSD (500 ppm)	၂၅၈၅	၂၆၆၅	၂၆၄၀	၂၅၉၅	၂၆၆၅	၂၆၀၀	၂၆၃၀	၂၆၄၅	၂၇၅၀	၂၈၀၀	၂၆၄၅	၂၆၃၀	၂၆၀၀	၂၆၀၀	၂၆၀၀	၃၁၀၅	၄၆၀၀
HSD (50 ppm)	၃၂၄၀	၃၄၁၅	၃၂၉၀	၃၂၄၀	၃၄၁၅	၃၄၂၅	၃၄၄၀	၃၂၉၅	၃၄၂၀	၃၄၅၀	၃၄၀၀	၃၄၁၅	၃၄၅၀	၃၄၄၅	၃၄၅၀	၃၇၂၅	၄၆၀၀
HSD (10 ppm)	၃၂၄၀	၃၄၁၅	၃၂၉၀	၃၂၄၀	၃၄၁၅	၃၄၂၅	၃၄၄၀	၃၂၉၅	၃၄၂၀	၃၄၅၀	၃၄၀၀	၃၄၁၅	၃၄၅၀	၃၄၄၅	၃၄၅၀	၃၇၂၅	၄၆၀၀

ကျပ်/လီတာ မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ဝ၆၇- ၄၁၁၃၇၃၊ ဝ၉-၂၅၄၆၂၅၄၇
ဝ၆၇- ၄၁၁၂၈၂၊ ဝ၉-၇၇၅၂၉၃၆၃၂

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၉၇၃	၃၀၆၆
95 Ron	၃၁၂၄	၃၂၂၀
HSD (500 ppm)	၂၄၄၀	၂၅၁၈
HSD (50 ppm)	၃၀၆၈	၃၁၅၉
HSD (10 ppm)	၃၀၆၈	၃၁၅၉

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card ၊ Mobile Payment Account ၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သာစည်-မန္တလေး မီးရထားလမ်းပိုင်းတစ်လျှောက် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

* *ရှေ့ဖိုးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာ - သာစည် ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး လမ်းတစ်လျှောက် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုသည်။ ထို့နောက် သာစည်ဘူတာသို့ ရောက်ရှိကြပြီး သာစည်ဘူတာမှတစ်ဆင့် သာစည်-မန္တလေး မီးရထားလမ်းပိုင်းပေါ်ရှိ စမုံချောင်းတံတား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု လုပ်ငန်းခွင် နေရာသို့ မီးရထားစီးနင်း၍ သွားရောက်ခဲ့ပြီး မီးရထားလမ်းတစ်လျှောက် စိုက်ပျိုးရေးလုပ်ငန်းကောင်းမွန်စွာ အောင်မြင်ဖြစ်ထွန်းမှုအခြေအနေများ၊ ရေကြီးရေလျှံမှု ဖြစ်ပေါ်စဉ် ရေအလုံးအရင်းဖြင့် ဝင်ရောက်တိုက်စားမှုများကြောင့် စိုက်ဧကများနှင့် မီးရထားလမ်းပိုင်းတစ်လျှောက် အချို့နေရာများတွင် ထိခိုက်ပျက်စီးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

လိုက်လံကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေကြီးရေလျှံမှုဖြစ်ပေါ်စဉ် ရေအလုံးအရင်းဖြင့် မြင့်တက်တိုက်စားခဲ့မှုကြောင့် တံတားအမှတ် ၆၉၁(အဆန်)၏ ရန်ကုန်ဘက်ခြမ်းတံတား ချဉ်းကပ်တာပေါင် ရေတိုက်စားပျက်စီးခဲ့မှုအား ရထားလမ်းဖြတ်သိမ်း၍ စက်ယာဉ်ယန္တရားများဖြင့် ပြုပြင်ဆောင်ရွက်ခြင်းနှင့် သံလမ်းပြန်လည်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ တံတားအမှတ် ၆၉၁(အစုန်)၏ သံပေါင် လေးခုပြုတ်ကျခဲ့ပြီး တိုင်အမှတ် ၃ ရေစီးတာပေါင်မြေဖို့ ပြုပြင်ဆောင်ရွက်ခြင်းနှင့် သံလမ်းပြန်လည်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ တံတားအမှတ် ၆၉၁(အစုန်)၏ သံပေါင် လေးခုပြုတ်ကျခဲ့ပြီး တိုင်အမှတ် ၃ ရေစီးအားဖြင့် မျောပါပျက်စီးခဲ့မှုအား Triple Double Bailey တံတား ၀၆ ၉၀ ထိုး၍ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု လုပ်ငန်းခွင် နေရာသို့ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ နှင့် ရေစီးအားကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆောင်ရွက်နေသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

စာမျက်နှာ ၄ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် သာစည်-မန္တလေး မီးရထားလမ်းပေါ်ရှိ စမုံချောင်းတံတား ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တံတားအမှတ် ၆၉၁ (အစုန်)ပျက်စီးခဲ့မှုအား Triple Double Bailey တံတား ပေ ၉၀ ထိုးခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

စာမျက်နှာ ၃ မှ

ထိုသို့ လိုက်လံကြည့်ရှုစစ်ဆေးစဉ် ကောင်စီဝင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြတ္တန်းဦးနှင့် တာဝန်ရှိသူများက ရန်ကုန်–မန္တလေးလမ်းပိုင်းနှင့် သာစည်–ရွှေညောင် – တောင်ကြီး လမ်းပိုင်း ရထားလမ်း ရေတိုက်စားမှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုများနှင့် လမ်းပိုင်း ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုထိခိုက်ပျက်စီးခဲ့မှုများကို ကြည့်၍ ရေအလုံးအရင်းဖြင့် စီးဆင်းမှုအားမည်မျှပြင်းထန်မည်ကို ခန့်မှန်း၍ ရနိုင်ကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းခဲ့စဉ် ရှမ်းကုန်းပြင်မြင့် ဘက်မှ စီးဆင်းလာခဲ့သည့် ရေစီးကြောင်းများနှင့် ၎င်းရေစီးကြောင်းများနှင့်အတူ မျောပါလာသည့် သစ်လုံးသစ်တုံးများ၊ နုန်းအနည်အနှစ်များကြောင့်လည်း ရေစီးဆင်းရာ လမ်းကြောင်းတစ်လျှောက် ထိခိုက်ပျက်စီးမှု ပိုမိုများပြားခဲ့ရခြင်းဖြစ်ကြောင်း၊ ပြန်လည်ပြုပြင်မှုများကို ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေး၊ အရည်အသွေးပြည့်မီရေးကို ဦးစားပေး ဆောင်ရွက်သွားရန်လိုပြီး နောင်အလားတူဖြစ်ရပ်မျိုး ဖြစ်ပေါ်လာပါက ခံနိုင်ရည်ရှိစေရေးအတွက် စနစ်တကျ သုတေသနပြု၊ တွက်ချက်၍ ဆောင်ရွက်သွားရန် လိုကြောင်း၊ ပြုပြင်မည့်ရထားလမ်းပိုင်းနေရာများနှင့် အသစ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရန်ကုန်–မန္တလေး လမ်းပိုင်းနှင့် သာစည် – ရွှေညောင် – တောင်ကြီး လမ်းပိုင်း ရထားလမ်း ရေတိုက်စားမှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုများနှင့်လမ်းပိုင်း ပြန်လည် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည့် အခြေအနေများကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မီးရထားလမ်း ပြုပြင်နေသည့် ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်စဉ်။

တည်ဆောက်မည့် ရထားလမ်းပိုင်းနေရာများ၌ ရေဝင်ရေထွက်ကောင်းမွန်မှုရှိစေရေး ဆောင်ရွက်သွားရန်လိုသကဲ့သို့ တံတားနေရာများ၌ အရှိန်အဟုန်ဖြင့် စီးဆင်းလာမည့် ရေစီးကြောင်းအရှိန်ကို ထိန်းနိုင်မည့် ကျောက်စီနံရံများ ဆောင်ရွက်ခြင်း၊ ချောင်းဖြောင့်ခြင်းတို့ကိုလည်း ထည့်သွင်း ဆောင်ရွက်သွားရန် လိုကြောင်း၊ အဆက်အသွယ် ပြတ်တောက်မှု မရှိစေရေး ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းဆောင်ရွက်မှုများ အချိန်မီပြီးစီးအောင် စီမံ ဆောင်ရွက်သွားရန် လိုကြောင်း ဖြင့် မှာကြားသည်။

စားသောက်ဖွယ်ရာများပေးအပ်

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် တံတားအမှတ် ၆၉၁ (အစုန်)၏ သံပေါင် လေးခုပြုတ်ကျခဲ့ပြီး တိုင်အမှတ် ၃ ရေစီးအားဖြင့် မျောပါပျက်စီးခဲ့မှုအား Triple Double Bailey တံတား ပေ ၉၀ ထိုးခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မီးရထားလမ်း ပြုပြင်နေသည့် ဝန်ထမ်းများ အတွက် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အဆိုပါ တံတားပြုပြင်နေမှုနေရာမှ သဲတောဘူတာအထိ ရထားစီးနင်းလိုက်ပါခဲ့ပြီး သဲတောဘူတာသို့ ရောက်ရှိပြီးနောက် သဲတော – ဝမ်းတွင်း – မိတ္ထီလာ လမ်းကြောင်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကာ လမ်းကြောင်းတစ်လျှောက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုများ၊ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက် ထားရှိမှုများကို ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရပ်စောက်၌ အမျိုးသမီးအပ်ချုပ်စက်သင်တန်းဆင်းပွဲနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်

ရပ်စောက် စက်တင်ဘာ ၂၉

ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အမျိုးသမီးများ ဝင်ငွေတိုးရေးအတွက်ဖွင့်လှစ်သည့်အပ်ချုပ်စက်သင်တန်းဆင်းပွဲနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု ရတနာပုံကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်ထူးက အမှာစကားပြောကြားသည်။

ဆက်လက်၍ အပ်ချုပ်စက်၊ ဘီတင်စက်၊ ဓားစက်၊ ထုပ်သီးရိုက်ခုံ၊ မီးပူ စသည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများကို ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက ပေးအပ်ရာ သင်တန်းသားများက လက်ခံရယူခဲ့ကြောင်း သိရသည်။(ယာပုံ)

မြို့နယ်(ပြန်/ဆက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိတ္ထီလာခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

မိတ္ထီလာဒေသ၏ အခြေခံကောင်းများကို အကျိုးရှိရှိအသုံးချ၍ ဖွံ့ဖြိုးတိုးတက်သည့် စံပြဒေသတစ်ခုဖြစ်စေရေး အတူတကွဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်

- **မိတ္ထီလာဒေသနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ အရှေ့အနောက်တောင်မြောက်ဆုံးသည့် နေရာတွင်ရှိပြီး လမ်းပန်းဆက်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့်ပတ်သက်၍ အချက်အချာကျသည့် လမ်းဆုံမြို့တစ်ခုဖြစ်**
- **နေပြည်တော်ကောင်စီနယ်မြေကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သကဲ့သို့ မိတ္ထီလာဒေသကိုလည်း စံပြနေရာတစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေခြင်းဖြစ်**
- **တည်နေရာအနေအထားအရ နိုင်ငံ၏အလယ်ပိုင်းဒ္ဒရိုသည့်အပြင် ကုန်သွယ်မှုတွင် ဗဟိုကျပြီး အချက်အချာကျသည့် မြို့တစ်မြို့ဖြစ်သကဲ့သို့ ပညာရေးနှင့်ပတ်သက်၍လည်း တက္ကသိုလ်၊ ကောလိပ်များ ပြည့်စုံစွာတည်ရှိသည့် ခရိုင်တစ်ခုဖြစ်**

နေပြည်တော် စက်တင်ဘာ ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မိတ္ထီလာခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ယနေ့မွန်းလွဲပိုင်းတွင် မိတ္ထီလာမြို့ ရှိကန်တော်မင်္ဂလာခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုးနှင့် ဒေါက်တာညွှန့်ဖေ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြ

ဦးစွာ မိတ္ထီလာခရိုင် အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် မိတ္ထီလာခရိုင်အတွင်းသို့ လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတိုးတက်စေရေးဆောင်ရွက်လျက်ရှိမှု၊ ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေးဆောင်ရွက်လျက်ရှိမှု၊ ဝါစိုက်ပျိုးမှုနှင့်ထုတ်လုပ်မှု တိုးတက်စေရေးဆောင်ရွက်လျက်ရှိမှု၊ ခရိုင်အတွင်းရှိ လမ်းမကြီးများ၊ မြို့၊ ရွာချင်းဆက်လမ်းများ ဝဲ၊ ယာဘို အရိပ်ရပင်များ စိုက်ပျိုးထားရှိမှုနှင့် ရှင်သန်ဖြစ်ထွန်းမှု၊ ပညာရည်မြင့်မားရေး အားပေးဆောင်ရွက်လျက်ရှိမှု၊ ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသ၏အခြေခံကောင်းများကို အကျိုးရှိစွာအသုံးချနိုင်ရေး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က မိတ္ထီလာခရိုင်ဆိုင်ရာအချက်အလက်များနှင့် ခရိုင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးပြောကြား

ထို့နောက်တက်ရောက်လာကြသည့်ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးပြောကြားရာတွင် မိတ္ထီလာခရိုင်အတွင်း ခွင့်ပြုပေးထားသည့် စိုက်ပျိုးမြေများအား အခြားနည်းများဖြင့် သုံးစွဲမှုမရှိစေရေး၊ မြေအသုံးချမှုများနှင့် ပတ်သက်၍ ချမှတ်ထားသည့် စည်းမျဉ်းဥပဒေအတိုင်းသာဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိမှု၊ ခရိုင်အတွင်း ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် စိုက်ဧကများ၌ အကျိုးရှိပြီး ဈေးကွက်ရနိုင်မည့် သီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးရေးတောင်သူများ လုပ်ငန်းအဆင်ပြေစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း၀န်ကြီးဌာနမှ ဆည်၊ တမံများ၊ ရေထုတ်မြောင်းများကို စနစ်တကျပြုပြင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှုနှင့် ဆည်ရေသောက်ဧရိယာများအတွက် ရေရှိရေးစီမံဆောင်ရွက်လျက်ရှိမှု၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်းခြင်း၊ မြစ်မိန်းရောင်စီမံကိန်းများ ဆောင်ရွက်ပေးခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိမှု၊ ဆောင်းသီးနှံများစိုက်ပျိုးရာတွင် ဆီထွက်သီးနှံများအတွက် မျိုးကောင်းမျိုးသန့်များရရှိရေး၊ သွင်းအားစုများ ရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိမှု၊ မိတ္ထီလာခရိုင်အတွင်း ပညာရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကို အသီးသီးဆွေးနွေးပြောကြားကြသည်။

မိတ္ထီလာခရိုင်သည် ဗဟိုအချက်အချာကျပြီး အခြေခံကောင်းများကို ပိုင်ဆိုင်ထားသည့်ဒေသတစ်ခုဖြစ်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် မိတ္ထီလာဒေသနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ အရှေ့အနောက်တောင်မြောက်ဆုံးသည့် နေရာတွင်ရှိပြီး လမ်းပန်းဆက်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့်ပတ်သက်၍ အချက်အချာကျသည့်လမ်းဆုံမြို့တစ်ခုဖြစ်ကြောင်း၊ မိတ္ထီလာဒေသ၏အကျယ်အဝန်းနှင့် နေပြည်တော်ကောင်စီနယ်မြေ၏ အကျယ်အဝန်းမှာ ကွာဟမှုအနည်းငယ်သာရှိသကဲ့သို့ လူဦးရေအနေဖြင့်လည်း မိတ္ထီလာတွင် ၉ သိန်းကျော်ခန့်ရှိပြီး နေပြည်တော်တွင် ၁ သန်းကျော်ခန့်ရှိကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သကဲ့သို့ မိတ္ထီလာဒေသကိုလည်း စံပြနေရာတစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တည်နေရာအနေအထားအရ နိုင်ငံ၏အလယ်ပိုင်းဒ္ဒရိုသည့်အပြင် ကုန်သွယ်မှုတွင် ဗဟိုကျပြီး အချက်အချာကျသည့် မြို့တစ်မြို့ဖြစ်သကဲ့သို့ ပညာရေးနှင့်ပတ်သက်၍လည်း တက္ကသိုလ်၊ ကောလိပ်များ ပြည့်စုံစွာတည်ရှိသည့် ခရိုင်တစ်ခုဖြစ်ကြောင်း၊ သွားလာမှုနှင့်ပတ်သက်၍လည်း အဆင်ပြေလွယ်ကူသည့် မြေအနေအထားကို ပိုင်ဆိုင်ထားသည့် ဒေသတစ်ခုဖြစ်သဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့သည့် ဒေသတစ်ခုဖြစ်ကြောင်း။

ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်၏ အနာဂတ်ကို ပုံဖော်ပေးနိုင်ရမည်

ပညာရေးနှင့်ပတ်သက်၍လည်း အခြေခံကောင်းများစွာကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သည့် ဒေသတစ်ခုဖြစ်ရှိသဖြင့် ပညာရေးအားပေးမြှင့်တင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ပညာရည်မြှင့်တင်ရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် KG + 12 အထိ တက်ရောက်နိုင်သည့် လူဦးရေ၏ ၆၀ ရာခိုင်နှုန်းခန့်သာ ပညာသင်ကြားနေကြကြောင်း၊ ၂၀၁၉ ခုနှစ်နောက်ပိုင်းတွင် ကျောင်းတက်ရောက်မှုများ လျော့နည်းလာခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခြင်းများကြောင့်လည်း စာသင်ကျောင်းများကို ပိတ်ထားခဲ့ရကြောင်း၊ အနာဂတ်တွင်ခေတ်မီနိုင်ငံတော်ကို တည်ဆောက်ရေးအတွက် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများစွာကို မွေးထုတ်ပေးနိုင်ရန်လိုကြောင်း၊ ထို့ပြင် စည်းကမ်းစနစ်ကျနသည့် လူ့အဖွဲ့အစည်းတစ်ရပ်ကိုလည်း ပုံဖော်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ **"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"** ဆိုသည့်အတိုင်း

စာမျက်နှာ ၆ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မိတ္ထီလာမြို့၌ ကျောင်းသားစုပေါင်းခန်းမ ဆောက်လုပ်မည့်လျှာထားမြေနေရာအား ကြည့်ရှုစဉ်။

စာမျက်နှာ ၅ မှ

အနာဂတ်၏ ကလေးငယ်များသည် ပညာသင်ကြားချိန်တွင် ဆရာ၊ ဆရာမများ၏သွန်သင်ဆုံးမမှုများကို ခံယူခဲ့ကြရမည်ဖြစ်ကြောင်း၊ ကျောင်းလုံးဝမနေခဲ့ရသူများထက် ကျောင်းတက်ရောက်ခဲ့သည့် ကလေးငယ်များသည် စည်းကမ်းပိုမိုကောင်းမွန်သည်ကို တွေ့မြင်ရမည်ဖြစ်ပြီး တက်ရောက်ခဲ့ရသည့် အတန်းအလိုက် စိတ်ဓာတ်နှင့် စည်းကမ်းများ လိုက်နာမှုကွာဟသွားမည်ဖြစ်ကြောင်း၊ အနည်းဆုံးအဆင့် KG + 12 အထိ သင်ကြားနိုင်မည်ဆိုပါက စည်းကမ်းများ ကောင်းမွန်လာမည်ဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ၊ ဆရာမများအနေဖြင့် စနစ်တကျသင်ကြားပေးမည်ဆိုပါက စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့် အဖိုးတန်မျိုးဆက်သစ်လူငယ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များ ပေါကြွယ်ဝအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် မိမိတို့နိုင်ငံမှ ပြည်နိုင်ငံများသို့ သွားရောက်၍ အလုပ်လုပ်ကိုင်နေသူများရှိကြောင်း၊ နိုင်ငံတွင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးနိုင်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် ခေတ်မီစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည့် အတတ်ပညာရှင်များ လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုဆိုင်ရာ လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး ခရိုင်များအားလုံး၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများကို မိရိုးဖလာနည်းလမ်းများ အတိုင်း ဆောင်ရွက်ခြင်းထက် ခေတ်မီသည့် စိုက်ပျိုး မွေးမြူရေးနည်းပညာများကို အသုံးချနိုင်ရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်မှသာလျှင် အထွက်နှုန်းများ တိုးတက်လာမည်ဖြစ်ပြီး လူမှုစီးပွားဘဝများ လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာဆောင်ရွက်နိုင်မည်ဖြစ်ပြီး လူမှုဘဝများ တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် အားပေးဆောင်ရွက်ကြစေလိုကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် ဒေသလူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်

မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးနှင့်ပတ်သက်၍ မိရိုးဖလာစိုက်ပျိုးခြင်းများကို ဆောင်ရွက်လျက်ရှိပြီး မိတ္ထီလာခရိုင်အတွင်း ဆန်ဖူလုံမှုအနေဖြင့် နည်းပါးနေသေးသည်ကို တွေ့ရှိရကြောင်း၊ တစ်ဇကချင်း အထွက်နှုန်းများ ပန်းတိုင်ရည်မှန်းချက် ပြည့်မီစေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသအတွင်း စိုက်ပျိုးသမျှအကျိုးကို ခံစားနိုင်ရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စပါးစိုက်ပျိုးမှုများ တစ်ဇကအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဆန်ဖူလုံမှုများ တိုးတက်လာပြီး ဒေသဝင်ငွေကိုပိုမိုရရှိစေမည်ဖြစ်ကြောင်း၊ ဒေသတွင်း၌ အခြေခံစားကုန်များဖူလုံမှုမရှိပါက ပြင်ပမှ ဝယ်ယူစားသုံးရမည်ဖြစ်ပြီး ဒေသတွင်းမှငွေများ ပြင်ပသို့ ရောက်ရှိသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး လုပ်ငန်းများတွင် အထွက်နှုန်းပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်း လည်ပတ်သုံးစွဲငွေများ ပိုမိုများပြားလာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအပြင် ဒေသတွင်း မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့်လည်း ဒေသ၏လူမှုစီးပွားဘဝကို ဖွံ့ဖြိုးစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးတက်စေရေး တာဝန်ရှိသူများအနေဖြင့် အလေးထားဆောင်ရွက်ပေးကြစေလိုကြောင်း။

မိတ္ထီလာခရိုင်သည် ဝါနှင့်ပတ်သက်၍ အတိုင်းအတာတစ်ခုအထိထွက်ရှိသည့် ဒေသတစ်ခုဖြစ်သဖြင့် ဝါနှင့်ပတ်သက်သည့်စက်ရုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အမြင်ကျယ်ကျယ်ဖြင့် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထွက်ရှိလာသည့် ဝါ၇မ်းများမှ အဆင့်မီသည့်ချည်ထည်ပစ္စည်းများ အဆင့်အထိ တိုးတက်ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ အထည်အလိပ်နှင့်ချည်ထည်များ တင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး ပြည်တွင်းလိုအပ်ချက်ပြည့်မီပါက ပြည်ပသို့လည်းတင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိတ္ထီလာဒေသအနေဖြင့် ဒေသတွင်းဖြစ်ထွန်းသည့် ဝါစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်ခြင်း၊ နိုင်ငံ၏ချည်ထည်၊ အထည်အလိပ်လုပ်ငန်းများ၌ ဦးဆောင်ဒေသတစ်ခု၊ စံပြခရိုင်တစ်ခုအဖြစ် ဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ဒေသ၏လူမှုစီးပွားဘဝကို ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စုပေါင်းသမဝါယမကို ဆောင်ရွက်သည့်စနစ်ဖြင့် ဆောင်ရွက်မည်ဆိုပါက ပိုမိုထိရောက်အကျိုးရှိနိုင်ပြီး နိုင်ငံတော်အနေဖြင့်လည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အထွက်နှုန်းနှင့် ပတ်သက်၍ စိုက်ပျိုးသည့် သီးနှံအမျိုးအစားများအလိုက် ကောက်ကွက်များ ပြည့်မီစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီစေရေးအတွက် အခြေခံများရရှိမည်ဖြစ်ကြောင်း၊ အလားတူ စိုက်ပျိုးနည်းစနစ်များ မှန်ကန်စေရေးဆောင်ရွက်သွားရန်လည်းလိုကြောင်း၊ စနစ်တကျစိုက်ပျိုးမှုများကို ဆောင်ရွက်ခြင်းဖြင့် အထွက်နှုန်းများ တိုးတက်လာမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် မိတ္ထီလာခရိုင် ဖွံ့ဖြိုးတိုးတက်စေရေး မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သာမန်ဆောင်ရွက်နေခြင်းမျိုး မဟုတ်ဘဲ အားထည့်၍ ဆောင်ရွက်သွားရန်လိုပြီး အချိန်ကိုအကျိုးရှိစွာဖြင့် အသုံးချကြစေလိုကြောင်း၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင် တာဝန်ထမ်းဆောင်နေကြသူများ၊ဒေသခံများအားလုံးက အမြင်ကျယ်ကျယ်ဖြင့် အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာမြို့၌ ကျောင်းသားစုပေါင်းခန်းမ ဆောက်လုပ်မည့်လျှာထားမြေနေရာအား သွားရောက်ကြည့်ရှုရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

စစ်တောင်းမြစ် ရေကြီးရေလျှံမှုကြောင့် နေအိမ်မျောပါ၊ ပျက်စီးခဲ့သည့် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် အိမ်သုံးပစ္စည်းများ ပေးအပ်

တောင်ငူ စက်တင်ဘာ ၂၉

စစ်တောင်းမြစ် ရေကြီးရေလျှံမှုကြောင့် နေအိမ်မျောပါ၊ ပျက်စီးခဲ့သည့် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် အိမ်သုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၈ ရက်က တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တောင်ငူခရိုင် ရေကြီးရေလျှံမှုနှင့် ပတ်သက်၍ တိုင်းဒေသကြီးသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် တောင်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဦးစီးသော တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များ ပူးပေါင်း၍ အချိန်မီပေါင်းစပ်ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် လူ့အသက်အန္တရာယ်ထိခိုက်မှု အနည်းဆုံးဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ သဘာဝဘေး အန္တရာယ်သည် ရှောင်လွှဲ၍ မရသကဲ့သို့ မိမိ၏နေအိမ်များ၊ ပစ္စည်းများ၊ စိုက်ပျိုးထားသည့် လယ်မြေများ၊ စိုက်ပျိုး သီးနှံများအပြင် နိုင်ငံပိုင် လမ်း၊ တံတား၊ အဆောက်အအုံ၊ လျှပ်စစ်ဓာတ်တိုင်နှင့် စာသင်ကျောင်းများ ထိခိုက်ပျက်စီးခဲ့ရကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ရေဘေးသင့်ပြည်သူများ ပံ့မှန်မူလ လူနေထိုင်မှု သို့ ရောက်ရှိနိုင်ရေး အတတ်နိုင်ဆုံး ပံ့ပိုးကူညီပေးသွားမည်ဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ ငွေအား၊ ပစ္စည်းအားဖြင့် အသီးသီးပါဝင်လှုဒါန်းပေးကြသူများကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တောင်ငူလေတပ်စခန်းဌာနချုပ်၊ ဌာနချုပ်မှူးတို့က တောင်ငူခရိုင်အတွင်း မြို့နယ် လေးမြို့နယ် မျောပါ(လုံးဝ)ပျက်စီးနေအိမ် ၅၈၅ လုံး၊ တစ်စိတ်တစ်ပိုင်း ပျက်စီးနေအိမ် အလုံး ၅၂၀ အတွက် ထောက်ပံ့ငွေကျပ် ၉၁၃ သိန်းနှင့် အိမ်သုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်း ၁၆ မျိုးပါ Family Kit များ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် အလှူရှင်များ၊ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

တိုင်းဒေသကြီး(ပြန်/ဆက်)

နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကမ်းလှမ်းဖိတ်ခေါ်ခြင်းအပေါ် အဖွဲ့အစည်းအသီးသီးမှ ကြိုဆိုထောက်ခံကြောင်း သဘောထားများထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအား လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့် လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့မှုအပေါ် ကြိုဆိုထောက်ခံပါကြောင်း ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)၊ လူမျိုးပေါင်းစုံညီညွတ်ရေးနှင့်အကျိုးဆောင်အဖွဲ့(ယာယီ)၊ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံဇဝံဂေလိ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံမက် သဒစ်အသင်းတော် (အောက်မြန်မာပြည်)၊ ယုံကြည်ခြင်း ဇဝံဂေလိအသင်းတော်(ပဲခူး)၊ လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာတဓီလိဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)၊ သနန္တန ဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးနှင့် ပိန္နဲကုန်းရခိုင်ဂျာမေဗလီတို့မှ ကြိုဆိုထောက်ခံပါကြောင်း သဘောထားများ ထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခြင်းအား ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)က ကြိုဆိုထောက်ခံကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

၁။ လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

၂။ ထိုသို့ လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကမ်းလှမ်းဖိတ်ခေါ်ခြင်းအား ဗုဒ္ဓဘာသာကလျာဏယုဝအသင်းYMBA(ဗဟို)က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များကို အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ပြီး ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ထုတ်ပြန်ကြေညာခဲ့ပါသည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဖိတ်ခေါ်ကမ်းလှမ်းချက်ကို လက်ခံခြင်းအားဖြင့် နိုင်ငံ၏ စည်းလုံးရေး၊ အေးချမ်းသာယာရေး၊ တိုးတက်စည်ပင်ဝေပြောရေးအကျိုးများ ရရှိခံစားရမည်ဖြစ်သည်ဟု ယုံကြည်ပါသောကြောင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)
အလုပ်အမှုဆောင်အဖွဲ့

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ကြေညာချက် (၈/၂၀၂၄)

၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်၊ တနင်္ဂနွေနေ့

၁။ နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့ရသော ဆုံးရှုံးနစ်နာမှုများသည် လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် ဖြစ်သည်ကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးရရှိစေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေသည့် အဖွဲ့အစည်းများအားလုံးသည် အကြမ်းဖက်လမ်းစဉ်ကိုစွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

၂။ အဆိုပါထုတ်ပြန်ကြေညာချက်အား မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ချက်အား မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်

မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြိုဆိုထောက်ခံကြောင်း သဘောထားထုတ်ပြန်ချက်

၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

၁။ လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများနှင့် အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။

၂။ ထို့သို့ နိုင်ငံတော်အား နည်းလမ်းပေါင်းစုံဖြင့် ဆန့်ကျင်တိုက်ခိုက်နေသည့် လက်နက်ကိုင်အဖွဲ့အစည်းများအားလုံး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကမ်းလှမ်းဖိတ်ခေါ်ခြင်းအား မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းချက်ကို ထောက်ခံကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၉ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ စက်တင်ဘာ ၂၆ ရက်နေ့တွင် နိုင်ငံတော်အားဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ PDF အဖွဲ့များအနေဖြင့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှ သော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်ပါရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

အထက်ပါဖိတ်ခေါ်ချက်ကို လက်ခံခြင်းအားဖြင့် နိုင်ငံ၏ စည်းလုံးရေး၊ အေးချမ်းသာယာရေး၊ တိုးတက်စည်ပင်ဝေပြောရေးအကျိုးများ ရရှိခံစားရမည်ဖြစ်သည်ဟု ယုံကြည်ပါသောကြောင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဖိတ်ခေါ်ချက်ကိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့အစည်းများအနေဖြင့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပါသည်။

ထိုသို့ကမ်းလှမ်းဖိတ်ခေါ်ချက်ကို မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)

လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအား အကြမ်းဖက်တိုက်ခိုက်သည့် လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော် လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပါသည်။

ယင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်မှုအား လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ) က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)

မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ၂၆-၉-၂၀၂၄ ရက်နေ့တွင် လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်သည့် လမ်းစဉ်ကို စွန့်လွှတ်ပြီး ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော် လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှ သော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပါသည်။

ထိုကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှု၍ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်မှုအား မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံးက ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး

ယုံကြည်ခြင်း ဇဝဲဂေလိအသင်းတော်(ပဲခူး) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၆-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ကမ်းလှမ်းဖိတ်ခေါ်ချက်အား ထုတ်ပြန်ကြေညာခဲ့ပါသည်။

အဆိုပါ ဖိတ်ခေါ်ချက်ကို လက်ခံခြင်းအားဖြင့် နိုင်ငံ၏ စည်းလုံးရေး၊ အေးချမ်းသာယာရေး၊ တိုးတက်စည်ပင်ဝေပြောရေး အကျိုးများ ရရှိခံစားရမည်ဖြစ်သည်ဟု ယုံကြည်ပါသောကြောင့် ယုံကြည်ခြင်းဇဝဲဂေလိအသင်းတော်(ပဲခူး)က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ယုံကြည်ခြင်း ဇဝဲဂေလိအသင်းတော်(ပဲခူး)

မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို) ၏ သဘောထားထုတ်ပြန်ချက်

၁။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအား အကြမ်းဖက်တိုက်ခိုက်သည့် လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော် လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ခြင်းအား ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ထိုသို့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကမ်းလှမ်းဖိတ်ခေါ်ခြင်းအား မြန်မာနိုင်ငံပန်းချီပန်းပု အစည်းအရုံး(ဗဟို)က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)

မြန်မာနိုင်ငံ ဇဝဲဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအား အကြမ်းဖက်တိုက်ခိုက်သည့် လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့် သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ဇဝဲဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဇဝဲဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်

လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်) သဘောထားထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် နိုင်ငံပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ကမ်းလှမ်းဖိတ်ခေါ်ချက်အား လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)

သန္တာနဇမ္ဗူပါလက(ဟီန္ဒူ)အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်မှု နောင့်နှေးခဲ့ရသည့်အတွက် ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်သည့် လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော် လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှ သော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပါသည်။

အထက်ပါဖိတ်ခေါ်ချက်ကို လက်ခံခြင်းအားဖြင့် နိုင်ငံ၏ စည်းလုံးရေး၊ အေးချမ်းသာယာရေး၊ တိုးတက်စည်ပင်ဝေပြောရေး အကျိုးများ ရရှိခံစားရမည်ဖြစ်သည်ဟု ယုံကြည်ပါသောကြောင့် သန္တာနဇမ္ဗူပါလက(ဟီန္ဒူ)အဖွဲ့ချုပ်က ကြိုဆို ထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

သန္တာနဇမ္ဗူပါလက(ဟီန္ဒူ)အဖွဲ့ချုပ်

မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်ကြေညာခဲ့သည့် နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်သည့် လမ်းစဉ်ကို စွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ကမ်းလှမ်းဖိတ်ခေါ်မှုအား မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)

ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်(အောက်မြန်မာပြည်) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

နိုင်ငံတော်အားဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ၂၆-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖိတ်ခေါ်ခဲ့ပါသည်။

ထိုသို့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကမ်းလှမ်းဖိတ်ခေါ်ချက်အား ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်) က ကြိုဆိုထောက်ခံပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)

မြန်မာနိုင်ငံလုံးဆိုင်ရာ ဟီန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များကို အကြမ်းဖက်တိုက်ခိုက်သည့် လမ်းစဉ်ကို စွန့်လွှတ်ပြီး ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ၂၆-၉-၂၀၂၄ ရက်နေ့တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့မှုအား မြန်မာနိုင်ငံလုံးဆိုင်ရာ ဟီန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်အနေဖြင့် ကြိုဆိုထောက်ခံပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာဟီန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) သဘောထားထုတ်ပြန်ချက်

နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့် လမ်းစဉ်ကိုစွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကမ်းလှမ်းဖိတ်ခေါ်ခြင်းအား မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို) က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)

သန်းခေါင်စာရင်းကောက်ယူရာတွင် မထပ်၊ မကျန်၊ မှန်ကန်အောင် အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် ကရင်ပြည်နယ်ဝန်ကြီးချုပ် တိုက်တွန်း

ဘားအံ စက်တင်ဘာ ၂၉

ကရင်ပြည်နယ်အတွင်း ရပ်ကွက် ၆၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၉၅ စု၊ ကောက်ကွက်ပေါင်း ၁၈၅၂ ကွက်ဖြင့် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ သန်းခေါင်စာရင်း ကောက်ယူသွားမည်ဖြစ်ပြီး စက်တင်ဘာ ၂၇ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂) ၌ ကျင်းပသည့် ပြည်နယ်သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီ (၄/၂၀၂၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ်ဦးစောမြင့်ဦးက သန်းခေါင်စာရင်း ကောက်ယူရာတွင် မထပ်၊ မကျန်၊ မှန်ကန်အောင် အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

အစည်းအဝေးတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးက သက်ဆိုင်ရာနယ်မြေဒေသများ အလိုက် တာဝန်ခွဲဝေချထားပေးမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြည်နယ်သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူးဦးကျော်မြင့်က သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ ပြည်နယ်သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာသူများက အောင်မြင်စွာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ဝိုင်းဝန်း အကြံပြုဆွေးနွေးတင်ပြကြပြီး ထိုသို့ဆွေးနွေးတင်ပြမှုများအပေါ် ပြည်နယ်သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

စောမျိုးမင်းသိန်း (ပြန်/ဆက်)

ဒုတိယဝန်ကြီး ဦးရဲတင့် အုတ်တွင်းမြို့နယ်နှင့် ပဲခူးမြို့တို့ရှိ ပြန်ကြားရေးလုပ်ငန်းများနှင့် ရေဝင်ရောက်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့ နံနက်ပိုင်းက အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ရုံးအတွင်း ရေဝင်ရောက်မှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပြင်ဆင်ရေးမှာကြားသည်။ ရုံးသုံးပစ္စည်းများနှင့် စာအုပ်များအား အချိန်မီရေလွှတ်ရာသို့ ရွှေ့ပြောင်းထားနိုင်ခဲ့သဖြင့် ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပဲခူးမြို့ရှိ ရပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံကို ကြည့်ရှုစစ်ဆေးကာ စက်ပစ္စည်းများ ကြိုဆိုခင်မှုနှင့် သဘာဝဘေးဂရုပြုရန်တို့ကို မှာကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တိုင်းဒေသကြီး ရုံးနှင့် ခရိုင်စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး သန်းခေါင်စာရင်း ကောက်ယူရေးကိစ္စများနှင့် စာဖတ်ရှိနိုးဖြွံ့ဖြိုးတင်ရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

သတင်းစဉ်

ဘားအံမြို့၌ မြို့နယ်အဆင့် သန်းခေါင်စာရင်း၊ စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်းပွဲကျင်းပ

ဘားအံ စက်တင်ဘာ ၂၉

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဆင်းပွဲ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအခမ်းအနားကို စက်တင်ဘာ ၂၈ ရက်က ဘားအံတက္ကသိုလ် သမိုင်းဆောင်၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်မြင့်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး နောက် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး သင်တန်းတက်ရောက်ခဲ့သော မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းသား သင်တန်းသူ ၃၇၀ အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

စလင်းမြို့နယ်၌ စာရင်းစစ်၊ စာရင်းကောက် ၁၁၂ ဦး တာဝန်ထမ်းဆောင်မည်

စလင်း စက်တင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဆင်းပွဲကို အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ စက်တင်ဘာ ၂၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေလင်းနိုင်က အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြတ်နှင့် တာဝန်ရှိသူများက ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ သင်တန်းသား သင်တန်းသူများအား စာရင်းစစ်၊ စာရင်းကောက် ခန့်အပ်လွှာများ ပေးအပ်သည်။

စလင်းမြို့နယ်၌ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၁၀၊ ကောက်ကွက်ပေါင်း ၂၂၈ ကွက်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမည်ဖြစ်ကြောင်း သိရသည်။

မောင်လွင် (စလင်း)

မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေး အဖွဲ့ကြီး သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၆-၉-၂၀၂၄ ရက်တွင် လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအား အကြမ်းဖက်တိုက်ခိုက်သည့် လမ်းစဉ်ကို စွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပါသည်။

အဆိုပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကမ်းလှမ်းဖိတ်ခေါ်ခြင်းကို လက်ခံခြင်းအားဖြင့် နိုင်ငံ၏စည်းလုံးရေး၊ အေးချမ်းသာယာရေး၊ တိုးတက်စည်ပင်ဝပြောရေးအကျိုးများ ရရှိခံစားရမည်ဖြစ်သည်ဟု ယုံကြည်ပါသောကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအား အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ခြင်းအပေါ် ပိန္နဲကုန်းရခိုင်ဂျာမေဗလီက ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

ပိန္နဲကုန်းရခိုင်ဂျာမေဗလီ

အိမ်ပြင်ပဌာနထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

❑ *ကျောဖုံးမှ*

ဘာစီလိုနာအသင်းသည် ယခု ပွဲစဉ်မတိုင်မီ ယှဉ်ပြိုင်ကစားခဲ့သည့် လာလီဂါခုနစ်ပွဲတွင် ခုနစ်ပွဲစလုံးနိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သည့် အသင်းဖြစ်သည်။

ဘာစီလိုနာ အသင်းသည် ပွဲစဉ် (၈) အပြီးတွင် ရဂိုး ၂၅ ဂိုး အထိ သွင်းယူထားနိုင်သည့် အတွက် တိုက်စစ်အကောင်းဆုံး အသင်းအဖြစ် ရပ်တည်နေသည့် အသင်းလည်းဖြစ်သည်။

ဘာစီလိုနာ အသင်းသည် ပြိုင်ဘက် အိုဆာဆူနာအသင်းကို ပွဲချိန်တစ်လျှောက် တစ်ဖတ်သတ် ဖိအာပေး ကစားနိုင်ခဲ့သည်။ သို့သော်လည်း ပြိုင်ဘက်အသင်း ခံစစ်နှင့် ဂိုးသမားတို့ အကောင်းဆုံးပုံစံ ကာကွယ်နိုင်ခဲ့သည့်အတွက် သွင်းဂိုးရရှိရေး အခက်တွေ့ကာ လာလီဂါ ပထမဆုံး ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

အိုဆာဆူနာအသင်းက ရရှိလာသည့် အခွင့်အရေးကို အမိအရ အသုံးချကာ သွင်းဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည့်အတွက် ဂိုး ပြတ်နိုင်ပွဲ ဖော်ဆောင်နိုင်ခဲ့သည်။ အိုဆာဆူနာအသင်းအတွက် သွင်းဂိုးများကို ဘူဒီမာ၊ ဇာရာဂိုဇာ၊ ဘရီတွန်စ်တို့က သွင်းယူပေးပြီး ဘာစီလိုနာအသင်းအတွက် သွင်းဂိုးများကို ဗစ်တာနှင့် ယာမဲလ်တို့က သွင်းယူပေးနိုင်ခဲ့သည်။

အောင်ဇော်

နိုင်ငံရေးနှင့် နိုင်ငံ့အရေး

မင်းခန့်ကျော်(ဥပဒေ)

❖ **ထုတ်ပြန်ချက်တွေကို လေ့လာဖတ်ရှုမိရင်းက နိုင်ငံရေးပါတီ ၂၀ ကျော်ပဲရှိတာလားဆိုတဲ့ အတွေးဝင်လာပြီး နိုင်ငံရေးပါတီ ဘယ်လောက်ရှိတယ်ဆိုတာကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရဲ့ အင်တာနက်စာမျက်နှာမှာ ဝင်ရောက်ကြည့်ရှုဖြစ်ခဲ့တာ ဖြစ်ပါတယ်။**

နိုင်ငံတည်ဆောက်ရေးနဲ့ပတ်သက်လို့ အလွန်အရေးကြီးလှတဲ့ ယနေ့အချိန်အခါကာလမှာ နိုင်ငံသားအများစုရဲ့ "နိုင်ငံရေး"အပေါ် အဓိပ္ပာယ်ကောက်ယူပုံ၊ နားလည်ပုံ၊ တာဝန်ယူပုံတို့ဟာ များစွာအရေးကြီးလှပါတယ်။နိုင်ငံရေးဆိုတာဟာ နိုင်ငံတည်ဆောက်ရေးအတွက် ကွဲပြားခြားနားတဲ့အမြင်၊ သဘောထားရှိသူတွေက အမျိုးသားအကျိုးစီးပွားကို ရှေးရှုပြီး ဖြစ်နိုင်ခြေရှိတာတွေကို ပူးပေါင်းဆောင်ရွက်ကြတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံရေးဆိုတာဟာ ကွဲပြားတဲ့တန်ဖိုးတွေ၊ အကျိုးစီးပွားတွေ၊ ရည်မှန်းချက်တွေကြောင့်ဖြစ်ပေါ်လာရတာမှန်သော်လည်း အဲ့ဒီကိစ္စတွေကိုဖြေရှင်းဆောင်ရွက်ဖို့ အတိုက်အခံလုပ်ရမယ်လို့ ဆိုလိုတာမဟုတ်ပါဘူး။ နိုင်ငံတည်ဆောက်ရေးဟာ အတိုက်အခံလုပ်ငန်းစဉ် မဟုတ်ပါဘူး။

နိုင်ငံရေးအမျိုးမျိုးရဲ့ အန္တိမရည်မှန်းချက်ဟာ နိုင်ငံတည်ဆောက်ရေးသာဖြစ်

အဓိက မီးမောင်းထိုးပြလိုတဲ့အချက်ကတော့ နိုင်ငံရေးဟာ မိမိနဲ့မတူညီသူတွေကို ဆန့်ကျင်ရတဲ့လုပ်ငန်းစဉ်မဟုတ်ဘဲ မတူညီတဲ့ရပ်တည်ချက်တွေ၊ သဘောထားတွေကြားမှာ နိုင်ငံတည်ဆောက်ရေးအတွက် ဖြစ်နိုင်ခြေတစ်စုတစ်ရာကို ရှာဖွေရေးသာဖြစ်တယ်ဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ နိုင်ငံရေးအမျိုးမျိုးရဲ့ အန္တိမရည်မှန်းချက်ဟာ နိုင်ငံတည်ဆောက်ရေးသာဖြစ်လို့ ဖြစ်နိုင်ခြေတစ်စုတစ်ရာကို မရှာဖွေနိုင်ဘူးဆိုရင်တော့ နိုင်ငံတည်ဆောက်ရေးဟာလည်း ဖြစ်နိုင်စရာရှိမှာ မဟုတ်ပါဘူး။

နိုင်ငံရေးလို ပြောဆိုကြတဲ့အခါ ပါတီနိုင်ငံရေးနဲ့ အမျိုးသားနိုင်ငံရေးဆိုတာ တွဲပါလာတတ်ပါတယ်။ ပါတီနိုင်ငံရေးကိုတော့ အာဏာနိုင်ငံရေးလို့ ပြောလို့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံရေးပါတီတွေဟာ အာဏာဖိုးကြိုးစားကြတာကြောင့် ဖြစ်ပါတယ်။ အာဏာနိုင်ငံရေးဟာ Game သဘောဆောင်တဲ့အတွက် ကစားကွက်ရှိပြီး လူကြိုက်များအောင် နည်းအမျိုးမျိုးနဲ့ လုပ်ဆောင်ဖို့လိုတာကို တွေ့ရပါတယ်။ နိုင်ငံရေးသိပ္ပံပညာရှင် Anthony Downs က နိုင်ငံရေးပါတီတွေဟာ လူကြိုက်များမှုနဲ့ မဲအများဆုံးရရှိဖို့အတွက် ယုတ္တိတန်တဲ့ ဆုံးဖြတ်ချက်တွေချမှတ်တဲ့အခါမှာ ပြည်သူလူထုအတွက် အဓိပ္ပာယ်ရှိတဲ့ ရွေးချယ်စဉ်းစားစရာတွေကို ထုတ်ဖော်ရမှာဖြစ်သော်လည်း ပြည်သူလူထုရဲ့ သည်းခြေကြိုက်ခံစားချက်တွေကို ကြွေးကြော်မှု သက်သက်ဖြစ်သွားတတ်တယ်လို့ ဆိုထားပါတယ်။ နိုင်ငံရေးပါတီတွေရဲ့ မူဝါဒကြွေးကြော်သံတွေမှာ သည်းခြေကြိုက်စကားလုံးတွေ သက်သက်သာ ပါတယ်ဆိုရင်တော့ လူကြိုက်များတာထက် ဘာမှ မပိုတဲ့ နိုင်ငံရေးသာဖြစ်ပါမယ်။

မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဟာ ဆန့်ကျင်ဘက်ခွဲခြားမှုတွေနဲ့ သည်းခြေကြိုက်နိုင်ငံရေးတွေကိုကျော်လွန်ပြီး ရွေးချယ်စရာအယူအဆ အမျိုးမျိုးဖြစ်ထွန်းပေါ်ပေါက်တဲ့အဆင့်ထိ တရွေ့ရွှေ့ချီတက်ရမယ့် ခရီးရှည်ကြီးတစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဟာ ချစ်ခြင်း၊ မုန်းခြင်း အလွန်အမင်းဖြစ်ပေါ်ခဲ့တဲ့ အခြေအနေတွေကြောင့် လက်ရှိအခြေအနေကို ယထာဘူတကျကျ ကြည့်မြင်နိုင်ဖို့ ခဲယဉ်းသွားရုံသာမက အဲ့ဒီလို ရှုမြင်ထောက်ပြသူတွေကို ဆန့်ကျင်ဘက်ခွဲခြားပြီး ရန်သူပမာ ဆက်ဆံခံရတဲ့အထိ ဆူးပေါက်ထားသူတွေကို တွေ့ရမှာဖြစ်ပါတယ်။ မည်သို့ပင်ဆိုစေကာမူ နိုင်ငံရေးဟာ နိုင်ငံတည်ဆောက်ရေးဖြစ်တဲ့အားလျော်စွာ အဓိပ္ပာယ်ကောက်ယူမှု မှန်ကန်စွာနဲ့ နိုင်ငံသားအားလုံးပါဝင်ဆင်ခွဲရမှာပဲ ဖြစ်ပါတယ်။

ပါတီနိုင်ငံရေးကို ဆက်ရမယ်ဆိုရင် ပါတီနိုင်ငံရေးဟာကမ္ဘာအနှံ့ဖြစ်စဉ်တစ်ခုဖြစ်ပါတယ်။ နိုင်ငံအချို့ကလွဲလို့ နိုင်ငံတိုင်းနီးပါးမှာ ပါတီစနစ်ရှိကြပါတယ်။ နိုင်ငံရေးပါတီနဲ့ပတ်သက်လို့ အဓိပ္ပာယ်ဖွင့်ဆိုချက်အမျိုးမျိုးရှိတဲ့အနက်က အီတလီပညာရှင်တစ်ဦးက "နိုင်ငံရေးပါတီဆိုတာ ရွေးကောက်ပွဲတွေမှာ တရားဝင်ကိုယ်ပိုင်သင်္ကေတတစ်ခုကို စွဲကိုင်ကာ ဝင်ရောက်ယှဉ်ပြိုင်ပြီး အဲ့ဒီရွေးကောက်ပွဲတွေကတစ်ဆင့် ၎င်းတို့ရဲ့ကိုယ်စားလှယ်တွေကို အစိုးရရာထူးတွေဆီ ပို့ပေးနိုင်စွမ်းရှိတဲ့ နိုင်ငံရေးအစုအဖွဲ့တစ်ခု" လို့ ဆိုထားပါတယ်။ ဒါကြောင့်လည်း ပါတီနိုင်ငံရေးကို အာဏာနိုင်ငံရေးလို့လည်း ဆိုကြတာဖြစ်ပါတယ်။ နိုင်ငံရေးပါတီတွေရဲ့ နိုင်ငံရေးအမြင်ဖော်ဆောင်တဲ့တာဝန်ကို ကြည့်မယ်ဆိုရင် သက်ဆိုင်ရာလူမှုအုပ်စုအသီးသီးရဲ့ မျှော်မှန်းချက်တွေ၊ လိုလားချက်တွေကို နိုင်ငံရေးစနစ်အတွင်း ထင်ရှားပေါ်လွင်စေဖို့ စွမ်းဆောင်ကြရမှာဖြစ်ပါတယ်။ လိုအပ်ပါက အမျိုးသားနိုင်ငံရေးမှာလည်း တစ်တပ်တစ်အား ပါဝင်ကြရမှာဖြစ်ပါတယ်။

❑ **ပါတီနိုင်ငံရေးဟာ Game သဘောဆောင်တဲ့အတွက် ကစားကွက်ရှိပြီး လူကြိုက်များအောင် နည်းအမျိုးမျိုးနဲ့လုပ်ဆောင်ကြမယ်၊ Game သဘောဆောင်တဲ့အတွက် အနိုင်အရှုံး၊ အကျိုးအမြတ်တွေ ထည့်တွက်ကြမယ်ဆိုပေမယ့်လည်း ပွင့်လင်းစွာပြောရမယ်ဆိုရင် အမျိုးသားနိုင်ငံရေးကတော့ Game သဘောမဆောင်တဲ့အတွက် ကစားကွက်မရှိ၊ လှည့်စားမှုမရှိ၊ အနိုင်အရှုံးမရှိ၊ ငါကွလုပ်ရန်မရှိတဲ့သဘောကိုဆောင်ပြီး နိုင်ငံ့အရေး၊ ပြည်သူတွေရဲ့အရေးကို ဦးစားပေးဆောင်ရွက်တာဖြစ်တယ်လို့ ဆိုချင်ပါတယ်။**

မျက်မှောက်ကာလ မြန်မာနိုင်ငံမှာ နိုင်ငံရေးပါတီတွေ ဘယ်လောက်ရှိလဲဆိုတာကို သိဖို့အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ အင်တာနက်စာမျက်နှာကို ဝင်ရောက်ကြည့်တဲ့အခါမှာတော့ မှတ်ပုံတင်ခွင့်ပြုထားတဲ့ နိုင်ငံရေးပါတီပေါင်း ၅၂ ပါတီရှိတာကို တွေ့ရှိရပါတယ်။ ယင်းပါတီများ အနက်မှ ရှုမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီနှင့် မြိုတိုင်းရင်းသားပါတီတို့အား မှတ်ပုံတင်ခွင့် ပယ်ဖျက်ခဲ့သဖြင့် လက်ရှိတည်ဆဲနိုင်ငံရေးပါတီ ၅၀ ပါတီရှိပါတယ်။ စာရေးသူအနေနဲ့ ဘာကြောင့် နိုင်ငံရေးပါတီအရေအတွက်ကို သိချင်ရတာလဲလို့ မေးရင် သတင်းတွေမှာ မြင်တွေ့နေရတဲ့ နိုင်ငံရေးပါတီတွေရဲ့ ထုတ်ပြန်ချက်တွေကြောင့် ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ ပဉ္စသီမော်ကျေးရွာအနီးဖြစ်ပွားခဲ့တဲ့ ကျောင်းသားကျောင်းသူတွေစီးနင်းလာတဲ့ မော်တော်ယာဉ်ကို အကြမ်းဖက်တိုက်ခိုက်ခဲ့တဲ့ ဖြစ်စဉ်နဲ့ပတ်သက်လို့ ၅-၆-၂၀၂၄ ရက်စွဲနဲ့ထုတ်ပြန်ခဲ့တဲ့ နိုင်ငံရေးပါတီ(၂၀)ရဲ့ထုတ်ပြန်ချက်၊ ၁၀၂၇ ဒုတိယလှိုင်းအမည်နဲ့ မြို့ရွာတွေကို အကြမ်းဖက်တိုက်ခိုက်လာတဲ့ ဖြစ်စဉ်နဲ့ပတ်သက်လို့ ၁၁-၇-၂၀၂၄ ရက်စွဲနဲ့ထုတ်ပြန်ခဲ့တဲ့ နိုင်ငံရေးပါတီ(၂၃)ပါတီရဲ့ ထုတ်ပြန်ချက်၊ CRPH/NUG/PDF/MNDAA/TNLA/AA အပါအဝင် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တွေ့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေနဲ့ ပတ်သက်လို့ ၂၄-၇-၂၀၂၄ ရက်စွဲနဲ့ ထုတ်ပြန်ခဲ့တဲ့ နိုင်ငံရေးပါတီ(၂၇)ပါတီရဲ့ ထုတ်ပြန်ချက်၊ MNDAA/TNLA/AA အကြမ်းဖက် လက်နက်ကိုင်အဖွဲ့တွေက လားရှိုးမြို့ရှိ ခုတင် ၁၀၀ ဆေးရုံကို တိုက်ခိုက်ခဲ့တဲ့ ဖြစ်စဉ်နဲ့ပတ်သက်လို့ ၄-၈-၂၀၂၄ ရက်စွဲနဲ့ ထုတ်ပြန်ခဲ့တဲ့ နိုင်ငံရေးပါတီ(၂၅)ပါတီရဲ့ ထုတ်ပြန်ချက်၊ MNDAA/TNLA/ AA အကြမ်းဖက် လက်နက်ကိုင်အဖွဲ့တွေကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့မှုအပေါ် ၃-၉- ၂၀၂၄ ရက်စွဲနဲ့ထုတ်ပြန်ခဲ့တဲ့ နိုင်ငံရေးပါတီ(၂၅)ပါတီရဲ့ ထုတ်ပြန်ချက်တွေကို လေ့လာဖတ်ရှုမိရင်းက နိုင်ငံရေးပါတီ ၂၀ ကျော်ပဲရှိတာလားဆိုတဲ့အတွေးဝင်လာပြီး နိုင်ငံရေးပါတီ ဘယ်လောက်ရှိတယ်ဆိုတာကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ အင်တာနက်စာမျက်နှာမှာ ဝင်ရောက်ကြည့်ရှုဖြစ်ခဲ့တာ ဖြစ်ပါတယ်။

အကြမ်းဖက်တိုက်ခိုက်မှုတွေကို ဆန့်ကျင်ဖို့ဆိုတာ အမျိုးသားရေးတာဝန်တစ်ရပ်ပဲဖြစ်

အကြမ်းဖက်အုပ်စုတွေရဲ့ လူမဆန်တဲ့အကြမ်းဖက်လုပ်ရပ်တွေကို မကန့်ကွက်မရှတ်ချာဘဲ ဆိတ်ဆိတ်နေခြင်း၊ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာနဲ့ နိုင်ငံတော်နယ်နိမိတ်တည်တံ့ခိုင်မြဲမှုကို ထိပါးနှောင့်ယှက်လာတဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေအပေါ် နှုတ်ဆိတ်နေခြင်းတွေဟာ အကြမ်းဖက်မှုကို အားပေးထောက်ခံနေတာလားလို့တောင် ထင်စရာရှိပါတယ်။ အကြမ်းဖက်လုပ်ရပ်တွေကို ဆန့်ကျင်ဖို့၊ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာနဲ့ နိုင်ငံတော်နယ်နိမိတ် တည်တံ့ခိုင်မြဲမှုကို ထိပါးနှောင့်ယှက်လာတဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေကို ဆန့်ကျင်ဖို့ဆိုတာ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပါတယ်။ နိုင်ငံရေးဆိုတာ နိုင်ငံတည်ဆောက်ရေးလို့ ယေဘုယျအားဖြင့် လက်ခံထားတဲ့အားလျော်စွာ နိုင်ငံတည်ဆောက်ရေးအတွက် ဆူးပြောင့်ခလုတ်ဖြစ်တဲ့ အကြမ်းဖက်မှုတွေကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ အနည်းဆုံးအားဖြင့် ဆန့်ကျင်ကန့်ကွက်ကြဖို့ဆိုတာ နိုင်ငံ့အရေးကို ဆောင်ရွက်ကြမယ့် နိုင်ငံရေးပါတီတိုင်းမှာ တာဝန်မရှိဘူးလားလို့ မေးခွန်းထုတ်စရာ ဖြစ်လာပါတယ်။ သည်းခြေကြိုက်နိုင်ငံရေးထဲကပဲ ရုန်းမထွက်နိုင်တာလား၊ အမျိုးသားနိုင်ငံရေးကို ဦးစားပေးဆောင်ရွက်ရမယ့်အချိန်ကာလမှာ ပါတီနိုင်ငံရေးကိုပဲ ဦးစားပေးပြီး အချိန်အခါမကျသေးမီမှာ အတိုက်အခံစိတ်ထားကို ဆုပ်ကိုင်ထားရှိနေတာလားဆိုတာ တွေးစရာဖြစ်လာပါတယ်။ ရေသေးသင့်ပြည်သူတွေအတွက် လူလုံးထွက်မပြတာဟာလည်း အမျိုးသားနိုင်ငံရေးဖြစ်တဲ့ နိုင်ငံ့အရေးနဲ့ ပြည်သူတွေရဲ့အရေးကိစ္စတွေကို အလေးမထားတာလားလို့ တွေးစရာဖြစ်လာပါတယ်။

အထက်မှာဆိုခဲ့သလိုပင် ပါတီနိုင်ငံရေးဟာ Game သဘောဆောင်တဲ့အတွက် ကစားကွက်ရှိပြီး လူကြိုက်များအောင် နည်းအမျိုးမျိုးနဲ့လုပ်ဆောင်ကြမယ်၊ Game သဘောဆောင်တဲ့အတွက် အနိုင်အရှုံး၊ အကျိုးအမြတ်တွေထည့်တွက်ကြမယ် ဆိုပေမယ့်လည်း ပွင့်လင်းစွာပြောရမယ်ဆိုရင် အမျိုးသားနိုင်ငံရေးကတော့ Game သဘောမဆောင်တဲ့အတွက် ကစားကွက်မရှိ၊ လှည့်စားမှုမရှိ၊ အနိုင်အရှုံးမရှိ၊ ငါကွလုပ်ရန်မရှိတဲ့သဘောကိုဆောင်ပြီး နိုင်ငံ့အရေး၊ ပြည်သူတွေရဲ့အရေးကို ဦးစားပေးဆောင်ရွက်တာဖြစ်တယ်လို့ ဆိုချင်ပါတယ်။ ပါတီနိုင်ငံရေးဟာ စိတ်ကျေနပ်မှုရရှိရေး feel good ကို ဦးစားပေးပြီး အမျိုးသားနိုင်ငံရေးကတော့ တစ်ခုခုကိုကောင်းအောင်ပြုလုပ်ရေး make good ကို ဦးစားပေးတယ်လို့ ဆိုနိုင်ပါတယ်။ နိုင်ငံရေးကစားသူတွေအတွက်တော့ feel good က အရေးကြီးပါတယ်။ အလှအပတွေ၊ အကောင်းဆုံးတွေ၊ လူကြိုက်များတာတွေ ရွေးလုပ်၊ ရွေးပြောကြမှာသာ ဖြစ်တယ်။ အမျိုးသားနိုင်ငံရေးရွေထောင့်ကကြည့်မယ်ဆိုရင်တော့ ကစားကွက်ပါစရာမလိုတဲ့ အတွက် အပြုသဘောဆောင်ခြင်း၊ ပိုမိုကောင်းမွန်စေခြင်း make good တွေကို လွတ်လွတ်လပ်လပ် ရှေးရှုခွင့်ရမှာဖြစ်ပါတယ်။

အချုပ်အားဖြင့်ဆိုရလျှင် နိုင်ငံရေးပါတီတွေအနေနဲ့ အာဏာနိုင်ငံရေးဖြစ်တဲ့ ပါတီနိုင်ငံရေးအပြင် နိုင်ငံ့အရေးဖြစ်တဲ့ အမျိုးသားနိုင်ငံရေးကိုပါ အချိုးကျမျှတစွာ ဆောင်ရွက်ကြစေလိုပါတယ်။ နိုင်ငံရေးပါတီတွေ၊ စာရေးသူတို့ နိုင်ငံသားတွေအနေနဲ့ ချစ်ခြင်း၊ မုန်းခြင်းကင်းစွာ အခြေအနေကို ခွဲခြမ်းစိတ်ဖြာနားလည်နိုင်မယ်ဆိုရင် နိုင်ငံတည်ဆောက်ရေးမှာ နိုင်ငံရေးပါတီတွေအနေနဲ့ဖြစ်စေ၊ နိုင်ငံသားတွေအနေနဲ့ဖြစ်စေ၊ လူ့အဖွဲ့အစည်းအနေနဲ့ ဖြစ်စေ ပါဝင်ဆောင်ရွက်နိုင်တဲ့ နည်းလမ်းပေါင်းများစွာရှိနေတာကို တွေ့ရှိရမှာ မလွဲကေန်ပင်ဖြစ်ပေတယ်။ ။

နိုင်ငံရေးပါတီ (၂၆) ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

နိုင်ငံရေးပါတီ (၂၆) ပါတီ၏
ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်
၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁၂) ရက်
၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခြင်းပြုလုပ်ခဲ့ပါသည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ချမှတ်ထားသည့် ရေရှေ့လုပ်ငန်းစဉ် (၅)ရပ်ပါ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်အာဏာလွှဲအပ်ရေးကို ဦးတည်ဆောင်ရွက်နေသော်လည်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းခြင်းမပြုဘဲ လက်နက်ကိုင်အကြမ်းဖက် တိုက်ခိုက်သည့်နည်းလမ်းကို ရွေးချယ်အသုံးပြုခဲ့ကြသည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းများကြောင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ၊ အခြေခံအဆောက်အဦများ၊ အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့်အပြင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအဟန့်အတား ဖြစ်စေခဲ့ပါသည်။ ဤကဲ့သို့ ဖြစ်ပျက်တွေ့ကြုံခံစားနေရမှုများကို ပြည်သူလူထုတစ်ရပ်လုံးက လိုလားကြခြင်းလည်း မရှိကြပါ။

၃။ မကြာမီရက်ပိုင်းကလည်း နိုင်ငံအနှံ့အပြားတွင် သဘာဝဘေးဒဏ်ကြောင့် ရေကြီးရေလျှံမှုဒဏ်ကို နှစ်ပေါင်း (၅၀/ ၁၀၀) အတွင်း အဆိုးရွားဆုံးဖြစ်စဉ်အနေဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ . ရေဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များကို အလျင်အမြန်ပြန်လည်ဆောင်ရွက်နိုင်ရန် တည်ငြိမ်၊ အေးချမ်း၊ လုံခြုံမှုမှာ အထူးလိုအပ်ချက်ဖြစ်ပါသည်။

၄။ ယခုအခါ ကျင်းပရန်ရှိသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းမှန်ကန်မှုကို အထောက်အကူပြုစေမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းစဉ်အား ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှစ၍ ဆောင်ရွက်တော့မည် ဖြစ်ပါသည်။ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူမည့် လုပ်ငန်းစဉ်ကြီး အဆင်ပြေအေးချမ်းစွာ ဆောင်ရွက်နိုင်ရန်လည်း လိုအပ်ပါသည်။

၅။ သို့ပါ၍ နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍လည်းကောင်း၊ ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များအား ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ပေးနိုင်ရေးအတွက်လည်းကောင်း၊ ပါတီစုံအထွေထွေရွေးကောက်ပွဲအတွက် အထောက်အကူပြုနိုင်မည့် သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစဉ်အား တည်ငြိမ်အေးချမ်းစွာဖြင့် အချိန်မီဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ပြည်သူနှင့်အတူ လက်တွဲဆောင်ရွက်ရန် လိုအပ်ချက်အရလည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်အဖွဲ့များအား လက်နက်ကိုင် အကြမ်းဖက် တိုက်ခိုက်သည့် လမ်းစဉ်ကိုစွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်ဖြစ်စေ၊ ရွေးကောက်ပွဲလမ်းကြောင်းဖြင့်ဖြစ်စေ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေးအတွက် ကမ်းလှမ်းဖိတ်ခေါ်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

၆။ သို့ပါ၍ အထက်အပိုဒ်ပါ ထုတ်ပြန်ကမ်းလှမ်းချက်သည် ပြည်သူတစ်ရပ်လုံး၏ အမှန်တကယ် လိုလားချက်အားကိုယ်စားပြုရာရောက်သည့် နိုင်ငံတော်၏ အပြုသဘောဆောင်သော ကမ်းလှမ်းချက်ဖြစ်သောကြောင့်လည်းကောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ အကျိုးကို ရှေးရှုသော လိုက်နာပူးပေါင်းဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း ရှုမြင်ပါသဖြင့် ၎င်းထုတ်ပြန်ချက်အပေါ် ကျွန်ုပ်တို့နိုင်ငံရေးပါတီများက အပြည့်အဝ ထောက်ခံအပ်ပါကြောင်း ပူးတွဲသဘောထားထုတ်ပြန်အပ်ပါသည်။

စဉ်	အမည်	ပါတီတာဝန်	ပါတီအမည်	လက်မှတ်
၁။	ဦးခင်ရီ	ဥက္ကဋ္ဌ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ	
၂။	ဦးငွေးကျော်	ဥက္ကဋ္ဌ	မြန်မာပြည်သူ့ ဒီမိုကရက်တစ်ပါတီ	
၃။	ဦးခေါတိန့်	အတွင်းရေးမှူး	ဒီမိုကရေစီ ပါတီသစ် (ကချင်)	
၄။	ဦးဟန်ရွှေ	ဥက္ကဋ္ဌ	တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ	
၅။	ဦးအေးကြိုင်	ဥက္ကဋ္ဌ	ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီ	
၆။	ဦးလီပေါ်ရဲ့	ဥက္ကဋ္ဌ	လီဆူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒုးလေးပါတီ)	
၇။	ဦးဦးသန်းဌေး	ဒုတိယဥက္ကဋ္ဌ	ခမီအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ	
၈။	ဦးထွန်းအောင်	ဥက္ကဋ္ဌ	အာခါအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ	
၉။	ဦးသိန်းကြည်	ဥက္ကဋ္ဌ	အမျိုးသားနိုင်ငံရေး မဟာမိတ်များ အဖွဲ့ချုပ်ပါတီ	
၁၀။	ဦးကျော်ဇင်	ဥက္ကဋ္ဌ	ပြည်သူ့အလုပ်သမား ပါတီ	
၁၁။	ဦးကျော်စွာစိုး	ဥက္ကဋ္ဌ	မြန်မာနိုင်ငံ တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ	
၁၂။	ဦးတင်ဆွေ	ဒုတိယဥက္ကဋ္ဌ	ဒီမိုကရက်တစ်ပါတီ	
၁၃။	ဒေါ်တင်တင်မာ	ဥက္ကဋ္ဌ	ဒီမိုကရက်တစ် အင်အားစု လေဘာပါတီ	
၁၄။	ဦးစိုင်းအိုက်ပေါင်း	ဥက္ကဋ္ဌ	ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ် ပါတီ(ကျားဖြူပါတီ)	
၁၅။	ဦးစံသာအောင်	ဥက္ကဋ္ဌ	မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ	
၁၆။	ဦးခိုင်မင်း	ဒုတိယဥက္ကဋ္ဌ	အမျိုးသား ဒီမိုကရေစီ ပါတီသစ်	
၁၇။	ဦးအောင်ဖြိုးကျော်	နာယက	အမျိုးသားအကျိုးစီးပွား တိုးတက်ရေးပါတီ	
၁၈။	ဦးအောင်ဘ	ဗဟို အလုပ်အမှုဆောင်	ခူမီး အမျိုးသားပါတီ	
၁၉။	ဒေါ်ဝင်းကေခိုင်အေး	ဥက္ကဋ္ဌ	အမျိုးသားနိုင်ငံရေး အားမာန်သစ်ပါတီ	
၂၀။	ဒေါ်စောယုမာ	ဥက္ကဋ္ဌ	ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ	
၂၁။	ဦးထွန်းအောင်ကျော်	ဥက္ကဋ္ဌ	ခေတ်သစ်ပြည်သူ့ပါတီ	
၂၂။	ဦးမြင့်သန်း	ဥက္ကဋ္ဌ	လေဘာပါတီ	
၂၃။	ဦးသန်းဦး	ဒုတိယဥက္ကဋ္ဌ	၈၈ မျိုးဆက် ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီ	
၂၄။	ဦးအေးလွင်	ဥက္ကဋ္ဌ	ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ	
၂၅။	ဦးပါစီပြည်ဟိန်း	ဥက္ကဋ္ဌ	လူထုပါတီ	
၂၆။	ဒေါ်စန္ဒာဦး	ဥက္ကဋ္ဌ	မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ	

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်များ၌ ရေဘေးသင့်ပြည်သူများအား အထူးကုကွင်းဆင်းကုသမှု ကြည့်ရှုအားပေး

နေပြည်တော် စက်တင်ဘာ ၂၉

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့် အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီရိုးမြို့နယ် – ကျည်တောင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၊ ပုဗ္ဗသီရိမြို့နယ်–ခါးပြတ်ကျေးရွာရှိအောင်စည်သာဘုန်းတော်ကြီးကျောင်းနှင့် တပ်ကုန်းမြို့နယ် – ညောင်လွန်ကျေးလက်ကျန်းမာရေးဌာနများသို့ သွားရောက်၍ သမားတော်၊ ခွဲစိတ်၊ အရေပြား၊ ကလေး၊ အရိုး၊ စိတ်ရောဂါအထူးကုဆရာဝန်ကြီးများက ရေဘေးသင့်ပြည်သူများအား ကွင်းဆင်းဆေးကုသပေးနေမှုကို ကြည့်ရှုအားပေးသည်။

ခရီးစဉ်တွင် ဧရာဝတီရိုးမြို့နယ် ကျည်တောင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်–၁၀၀၀)၊ ကလေးရောဂါအထူးကုဆေးရုံကြီး–နေပြည်တော်၊ အရိုးရောဂါ အထူးကုဆေးရုံကြီး–နေပြည်တော်၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ စိတ်ကျန်းမာရေးဆေးရုံကြီး – ရန်ကုန်တို့မှ အထူးကုဆရာဝန်ကြီးများ ဦးဆောင်၍လည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ် အောင်စည်သာ ဘုန်းတော်ကြီးကျောင်း၌ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်–၁၀၀၀)နှင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်–၃၀၀)တို့မှ အထူးကုဆရာဝန်များ ဦးဆောင်၍လည်းကောင်း၊ တပ်ကုန်းမြို့နယ် – ညောင်လွန်ကျေးလက်ကျန်းမာရေးဌာန၌ ပြည်သူ့ဆေးရုံ၊ တပ်ကုန်းမြို့မှ အထူးကုဆရာဝန်များ ဦးဆောင်သောအဖွဲ့ကလည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အထူးကုကွင်းဆင်း ဆေးကုသရေးအစီအစဉ်သို့ လာရောက်ပြသကြသော ရေဘေးသင့်ပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားကာ အစားအစာနှင့် ဆေးဝါးများ ထောက်ပံ့လှူဒါန်းသည်။

ထို့နောက် ရေကြီးရေလွှမ်းမှုဒဏ်ခံစားခဲ့ရသည့် ဧရာဝတီရိုးမြို့နယ် စည်ပင်သာယာ ကျေးလက်ကျန်းမာရေးဌာန၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်လည်ပတ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရေဘေးသင့်ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံအားပေးစကား ပြောကြားကာ ငွေကျပ် ၁၁၇ သိန်း ထောက်ပံ့ပေးအပ်သည်။ **(ယာဝုံ)**

ဆက်လက်၍ တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ သန့်ရှင်းသောသောက်သုံးရေရှိစေရေ သောက်ရေသန့်များတွင် ရေသန့်ဆေးပြားများ ခတ်ခြင်း၊ သုံးရေများတွင် ကလိုရင်းဆေးခတ်ခြင်း ဆောင်ရွက်နေမှု၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ပိုးသတ်သန့်စင်ဆေးဖျန်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ရေကြီးရေလွှမ်းမှု နောက်ဆက်တွဲကူးစက်ရောဂါများ ဖြစ်ပွားမှုမရှိစေရေး ရောဂါကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းများကို အထူးအလေးပေးဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရမည်းသင်းမြို့နယ် – သိမ်ကုန်းကျေးရွာ၊ ဇီးတောဘုန်းကြီးကျောင်းသို့ သွားရောက်၍ ပြည်သူ့ဆေးရုံကြီး (မိတ္ထီလာမြို့)နှင့် ခရိုင်ပြည်သူ့ဆေးရုံ (ရမည်းသင်းမြို့)တို့မှ အထူးကုဆရာဝန်ကြီးများက ရမည်းသင်းမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား ကွင်းဆင်းဆေးကုသမှုဆောင်ရွက်ပေးနေမှုကိုလည်းကောင်း၊ ပျော်ဘွယ်မြို့နယ် အရှေ့လျှော်ဖြူကုန်းကျေးရွာ မြို့ဦးဇေတဝန်တောင်ကျောင်း၌ ပြည်သူ့ဆေးရုံကြီး(ပြင်ဦးလွင်မြို့)မှ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသမှု ဆောင်ရွက်ပေးနေမှုကိုလည်းကောင်း၊ ပြည်သူ့ဆေးရုံ (တပ်ကုန်းမြို့) ရှိ ပျက်စီးသွားသော ဆေးရုံသုံးစက်ပစ္စည်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး လူနာများအတွက် များစွာအကျိုးဖြစ်ထွန်းစေခဲ့သည့်အတွက် ပြင်ဆင်ဆောင်ရွက်ပေးခဲ့ကြသော ကုသရေးဦးစီးဌာနမှ အင်ဂျင်နီယာများကို ထောက်ပံ့ငွေများ ပေးအပ်သည်။

ယခုကဲ့သို့ ရေဘေးသင့်မြို့နယ်များသို့ သွားရောက်ကာ ကွင်းဆင်းဆေးကုသမှုဆောင်ရွက်ပေးခဲ့ကြသော နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်–၁၀၀၀)၊ ကလေးရောဂါအထူးကုဆေးရုံကြီး–နေပြည်တော်၊ အရိုးရောဂါအထူးကုဆေးရုံကြီး–နေပြည်တော်၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ စိတ်ကျန်းမာရေးဆေးရုံကြီး – ရန်ကုန်၊ ပြည်သူ့ဆေးရုံကြီး မိတ္ထီလာမြို့၊ ပြည်သူ့ဆေးရုံကြီး ပြင်ဦးလွင်မြို့၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်–၃၀၀)၊ ခရိုင်ပြည်သူ့ဆေးရုံ၊ ရမည်းသင်းမြို့တို့မှ အထူးကုဆရာဝန်ကြီးများ ဦးဆောင်သောအဖွဲ့သည်လာရောက်ပြသခဲ့သော လူနာစုစုပေါင်း ၁၄၈၄ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရေကြီးရေလွှမ်းမှုဒဏ်ခံစားခဲ့ရသည့် ရေဘေးသင့်မြို့နယ် ၄၉ မြို့နယ်သို့ အထူးကုဆေးကုသရေးအဖွဲ့များ စေလွှတ်ခဲ့ပြီး အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့များတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ရေဘေးသင့်ပြည်သူ စုစုပေါင်း ၃၄၄၅ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း ဝန်ကြီးဌာနအောက်ရှိ ဌာန၊ အဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လုပ်ငန်းဆောင်ရွက်နေမှုများ ကွင်းဆင်းကြည့်ရှု

နေပြည်တော် စက်တင်ဘာ ၂၉

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည်တနင်္လာ ရီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်၊ တာဝန်ရှိသူများနှင့် အတူ ယမန်နေ့ နံနက်ပိုင်းက ကော့သောင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး ဘုရင့်နောင်အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနလက်အောက်ရှိဌာန၊ အဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒများ၊ အမိန့်နှင့် ညွှန်ကြားချက်များအပေါ် တိကျစွာလိုက်နာဆောင်ရွက်ပြီး ဝန်ထမ်းကျင့်ဝတ်စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး ကော့သောင်းမြို့တွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ကြီးဌာန လက်အောက်ရှိ ဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန် ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဆိပ်ကမ်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော တော်ဝင်ဆိပ်ခံဘောတံတားသို့ သွားရောက်၍ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားပြီး တိုင်းဒေသကြီး အစီအစဉ်ဖြင့် တည်ဆောက်လျက်ရှိသော မြို့မဆိပ်ခံတံတား အဆင့်မြှင့်တင် တည်ဆောက်နေမှုကို လည်းကောင်း၊ ဝန်ကြီးဌာန အောက်ရှိ ဌာန၊ အဖွဲ့အစည်းများ ၏ ရုံးအဆောက်အဦးများနှင့် ရုံးလုပ်ငန်းဆောင်ရွက်နေမှုများ ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ကော့သောင်းလေဆိပ်သို့ ရောက်ရှိပြီး ဆိုက်ရောက်၊ ထွက်ခွာခန်းမများနှင့် သန့်စင်ခန်းများ အခြေအနေ၊ လေဆိပ်လုံခြုံရေးအတွက် လေကြောင်းရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေမှု၊ လေဆိပ်တွင် အသုံးပြုလျက်ရှိသော X–ray စက်၊ CCTV များ အခြေအနေ၊ လေယာဉ်ပြေးလမ်းမီး၊ လေကြောင်းထိန်းမျှော်စင်ရှိ ဆက်သွယ်ရေးစက်များ၊ လေကြောင်းထိန်းစနစ်များအခြေအနေ၊ လေယာဉ်ပြေးလမ်းနှင့် ပြေးလမ်း ၀၊ ယာ မြက်ပင်ရှည် ချုံနွယ်များ ပုံမှန်ရှင်းလင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၉ ရက်က ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မင်းဟန်နှင့် တပ်ဖွဲ့ဝင်များ ရမည်းသင်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။
သိမ့်သိမ့်မျိုး(ပြန်/ဆက်)

မြို့သစ်မြို့နယ်ရဲတပ်ဖွဲ့ဝါးကြီးအိုင်နယ်မြေရဲစခန်းမှ နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် စက်တင်ဘာ ၂၈ ရက်က ဝါးကြီးအိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ နယ်မြေစခန်းမှူး ရဲအုပ် ထန်းလိန်းကီးနှင့်တပ်ဖွဲ့ဝင်များ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းဆောင်ရွက်စဉ်။ ကိုဇော်(ပြန်/ဆက်)

ဒုတိယဝန်ကြီး ဒေါ်နုမြဇ (၃၂)ကြိမ်မြောက် အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်း ကောင်စီဝန်ကြီးများအဆင့် အစည်းအဝေးသို့တက်ရောက်

ရန်ကုန် စက်တင်ဘာ ၂၉

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၄ ခုနှစ်အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူထားသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံက ကြီးမှူးရှိ၍ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပသည့် (၃၂) ကြိမ်မြောက် အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ ဝန်ကြီးများအဆင့် အစည်းအဝေး (32nd ASEAN Socio-Cultural Community (ASCC) Council Meeting) သို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးသို့ လာအိုနိုင်ငံ အာဆီယံလူမှု-ယဉ်ကျေးမှုဝန်ကြီး၊ ယဉ်ကျေးမှု၊ ခရီးသွားနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး Mrs. Sunane-savanh VIGNAKET ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တိမောလက်စ်တေနိုင်ငံတို့မှ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ ဝန်ကြီးများ၊ အာဆီယံအဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အိမ်ရှင်လာအိုနိုင်ငံက ၂၀၂၄ ခုနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ၂၀၂၅ အလွန် အာဆီယံ-လူမှုယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်၏ မဟာဗျူဟာအစီအစဉ် ရေးဆွဲရေးလုပ်ငန်းစဉ်များ၏ ဖြစ်ပေါ်တိုးတက်မှုများ၊ (၄၄) ကြိမ်နှင့် (၄၅) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးသို့တင်ပြမည့် မှတ်တမ်းမှတ်ရာများ၊ အစည်းအဝေးအစီရင်ခံစာများ၊ ကြေညာချက်များနှင့် (၃၁) ကြိမ်မြောက် အာဆီယံလူမှု - ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ၏ မှတ်တမ်းအကျဉ်းချုပ်တို့ကို အတည်ပြုနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါ်နုမြဇက လာအိုနိုင်ငံ၏ ၂၀၂၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌကာလအတွင်း အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်း၏ မဟာဗျူဟာဦးတည်ချက်များနှင့်အညီ အာဆီယံနိုင်ငံများအကြား အတူမျှဝေထားသော မျှော်မှန်းချက်များကို အကောင်အထည်ဖော်ရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ဆက်လက်လက်တွဲဆောင်ရွက်သွားရန် မြန်မာနိုင်ငံအနေဖြင့် အပြည့်အဝသန္နိဋ္ဌာန်ချထားကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီးနှင့်အတူ အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်း ကောင်စီ အဆင့်မြင့်အရာရှိကြီးဖြစ်သူ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဒုတိယဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့

သည် (၃၂) ကြိမ်မြောက် အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အစည်းအဝေးနှင့်အတူ အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်၏ ADME (ASEAN Database for Monitoring and Evaluation System) စတင်ဖွင့်လှစ်သည့် အခမ်းအနားနှင့် ညနေပိုင်းတွင် ပြုလုပ်သည့် (၃၂) ကြိမ်မြောက် အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်း ကောင်စီဝန်ကြီးများအဆင့် အစည်းအဝေးအထိမ်းအမှတ်အဖြစ် လာအိုနိုင်ငံ၊ ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ တည်ခင်းဇည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး လာအိုရိုးရာယဉ်ကျေးမှု အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးသည်။

ဗီယင်ကျန်းမြို့သို့ ရောက်ရှိနေစဉ်ကာလအတွင်း ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အခြားသောအာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ ဗီယင်ကျန်းခေတ်ပြိုင် အနုပညာပြတိုက် (သစ်သားပြတိုက်)၊ That Luang စေတီနှင့် Ho Pra Keo ဘုရားကျောင်းသို့သွားရောက်လေ့လာခဲ့ကြပြီး စက်တင်ဘာ ၂၇ ရက် ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ဒုတိယဝန်ကြီး ဦးဝင်းဖေ ရေကြီးရေလျှံမှုများကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပျက်စီးသွားခဲ့သည့်လမ်းတံတားများ ပြုပြင်ဆောင်ရွက်နေမှုနှင့် တိုးလ်ဂိတ်များ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၉

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ရုံးခွဲ ရန်ကုန်တိုင်း ဒေသကြီးရှိ အဆောက်အဦဦးစီးဌာန၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန တို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဦးစွာ ဒုတိယဝန်ကြီးက သဘာဝ ဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသည့် လမ်း၊ တံတားများကို ပြည်သူများ အသုံးပြုနိုင်ရေး ယာယီပြင်ဆင်ပြီးပါက မူလ အခြေအနေအတိုင်း ဖြစ်စေရေး စနစ်တကျ အဖြန်ဆုံးဆောင်ရွက်ရန်၊ လမ်းများကိုလည်း လမ်းအင်္ဂါရပ်နှင့်အညီ ဖြစ်စေရန် လမ်းညွှန်အမှတ်အသားများကို စနစ်တကျ ဆောင်ရွက်ရန်နှင့် လမ်းဘေး ဝဲယာ ရေစီးရေလာကောင်းမွန်စေရေးအတွက်ရေနုတ်မြောင်းများကို စနစ်တကျ ဆောင်ရွက်သွားရန်၊ လမ်းအသုံးပြုကောက်ခံနေသည့် တိုးလ်ဂိတ်များတွင် နိုင်ငံတော်ဘဏ္ဍာငွေ လေလွင့်ပျောက်ဆုံးမှု မရှိစေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရန်၊ ပြည်သူ အင့်ဘားအိမ်ရာ စီမံကိန်းနှင့် ပတ်သက်၍ သတ်မှတ်ကာလ အတွင်း အချိန်မီပြီးစီးစေရေး ကြိုးပမ်း ဆောင်ရွက်ရန်နှင့် ပြည်သူများ နေထိုင်နိုင်ရေး သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ် ဆောင်ရွက်ရန်တို့ကို မှာကြားပြီး လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ချုပ်များနှင့် အင်ဂျင်နီယာချုပ်တို့က ဖြည့်စွက် ဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မက်စ်ဟိုင်းဝေး ကုမ္ဍဏီမှ BOT စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ထောက်ကြန့် - တိုက်ကြီး လမ်းပိုင်းရှိ တိုးလ်ဂိတ်နှင့် တိုက်ကြီး - သာယာတီ တိုးလ်ဂိတ်များတွင် လမ်းအသုံးပြုခကောက်ခံနေမှုနှင့် အခမဲ့ယာဉ်များ ဖြတ်သန်းပါက အသံမြည် စနစ်တပ်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တိုက်ကြီး - ဥတို - ချောင်းသုံးခွ - အဗျောက် လမ်းပိုင်း မိုင်တိုင်အမှတ် (၁၀/၁-၁၀/၂) ကြား တံတားအမှတ် (၂/၁၁) တွင် တံတားချဉ်းကပ်လမ်း မြေကာနံရံများ ပျက်စီးသွားသဖြင့် ဝါးကပ်ဖြင့် မြေကာနံရံ ပြုလုပ်၍ သဲအိတ်များစီထပ်ခြင်းနှင့် ကလိုင်ပေါက်နေရာတွင် သဲအိတ်များ ထည့်စီခြင်း၊ သဲဖြည့်၍ ရေဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မော်ဘီမြို့နယ် လမ်းဦးစီးဌာန ရုံးဝင်းအတွင်း၌ နှစ်ခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုကိုလည်းကောင်း၊ ရန်ကုန် - ပဲခူး လမ်းပိုင်းရှိ မက်စ်ဟိုင်းဝေး ကုမ္ဍဏီမှ BOT စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် လမ်းအသုံးပြုခကောက်ခံသည့် တိုးလ်ဂိတ်နှင့် လှည်းကူးမြို့နယ် လမ်းဦးစီးဌာနရုံးဝင်းအတွင်း၌ နှစ်ခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဖျာပုံမြို့၌ မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်း

ဖျာပုံ စက်တင်ဘာ ၂၉

ရေဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင် စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဆင်းပွဲကို စက်တင်ဘာ ၂၈ ရက်က ဖျာပုံ မြို့ သီရိအဏ္ဍာဝါခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီး သန်းခေါင်စာရင်း ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီး သန်းခေါင်စာရင်း ကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များက Video Convention ဖြင့် အမှာစကား ပြောကြားပြီး ဖျာပုံခရိုင် သန်းခေါင်စာရင်း ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်လင်းက အမှာစကား ပြောကြားသည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက စာရင်းစစ်၊ စာရင်းကောက်ခန့်အပ်လွှာ ပေးအပ်သည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၂၀၂ ဦးကို နည်းပြဆရာ ၁၃ ဦး က စက်တင်ဘာ ၁၇ ရက်မှ ၂၈ ရက် အထိ စာတွေ့၊ လက်တွေ့သင်ကြား ပို့ချပေးခြင်းဖြစ်ကြောင်း သိရသည်။ **အောင်ဝင်းနိုင် (ပြန်/ဆက်)**

မြောက်ဥက္ကလာပမြို့၌ မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်း

ရန်ကုန် စက်တင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဆင်းပွဲကို ယမန်နေ့က အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်သန်းခေါင် စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လေးဟာက အမှာစကားပြောကြားပြီး ခန့်အပ်လွှာများပေးအပ်ရာ သင်တန်းသား သင်တန်းသူများက လက်ခံရယူကြသည်။

အောက်တိုဘာ ၁ ရက်၌ စာရင်းကောက်ယူရာတွင် မြောက်ဥက္ကလာပမြို့နယ်အတွင်း ရပ်ကွက် ၁၉ ခု၊ ကောက်ကွက်ပေါင်း ၆၃၀ တို့၌ စာရင်းစစ် ၅၃ ဦး၊ စာရင်းကောက် ၂၂၁ ဦး၊ စေတနာ့ဝန်ထမ်း ၈၁ ဦးတို့က Mobile Tablet များအသုံးပြု၍ တစ်အိမ်တက်ဆင်း စနစ်ဖြင့် စနစ်တကျ စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

သက်လွင်စိုး (ပြန်/ဆက်)

မတ္တရာမြို့နယ် သုံးဆယ်ပေးကျေးရွာအတွင်းရှိ ဘုန်းတော်ကြီးကျောင်း၌ အကြမ်းဖက်သမားများ နေထိုင်အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများကို တွေ့ရစဉ်။

မတ္တရာမြို့နယ် သုံးဆယ်ပေးကျေးရွာအတွင်း၌ အကြမ်းဖက်သမားများအသုံးပြုခဲ့သည့် ဆက်သွယ်ရေးမြောင်းနှင့် ပစ်ကျင်းများကို တွေ့ရစဉ်။



အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်လျက်ရှိသည့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်မှ ကျေးရွာများ။

။ ကျော်ဖုံးမှ

ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ ကျေးရွာများတွင် PDF အမည်ခံ အကြမ်းဖက်သမားများ ခိုအောင်း နေထိုင်ကြောင်းနှင့် ၎င်းတို့ လှုပ်ရှားသွားလာနေမှုများအား တပ်မတော်စစ်ကြောင်းများသို့ လျှို့ဝှက်စွာဆက်သွယ်သတင်းပေးပို့လာသဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက လိုအပ်သည့် အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေးကို စက်တင်ဘာလ ၂၀ ရက်မှ စတင်၍ ဆောင်ရွက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ ရွှင်ရွှင်ချုံချုံ တိုက်ခိုက်ချေမှုန်းမှုများကြောင့် ၎င်းကျေးရွာများမှ အကြမ်းဖက် သမားများသည် စက်လှေများဖြင့် ဆုတ်ခွာထွက်ပြေးသွားသည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များက ဆုတ်ခွာ ထွက်ပြေးသွားသည့် အကြမ်းဖက်သမားများ နောက်သို့ ထက်ကြပ်မကွာ လိုက်လံရှင်းလင်းရာ မတ္တရာမြို့နယ် သုံးဆယ်ပေးကျေးရွာအတွင်းရှိ ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းများ၌ အကြမ်းဖက်သမားများ နေထိုင်အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများကို တွေ့ရှိရပြီး လူနေအိမ်များကို အကာအကွယ်ရယူ၍ တည်ဆောက်ထားသော သဲအိတ်ဘန်ကာများ၊ ဆက်သွယ်ရေးမြောင်းများ၊ ပစ်ကျင်းများကို သိမ်းဆည်းရရှိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကုန်းတန်းလေးကျေးရွာ၊ ကုန်းတန်းကြီးကျေးရွာ၊ ဘိကုန်းကျေးရွာ၊ ကြမ်တောကျေးရွာ၊ ဘုရားမကုန်းကျေးရွာ၊ ဆူးလေးကုန်းကျေးရွာ၊ ရွှေဘောင်ကျေးရွာ၊ သဖန်းဒေါင့်ကျေးရွာ၊ ငယ်တိုးကျေးရွာနှင့် သနပ်ကုန်းကျေးရွာများတွင် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်ခဲ့ရာ ကျေးရွာများတွင် PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းများကို သိမ်းဆည်းရမိခဲ့ပြီး ၎င်းကျေးရွာအတွင်းရှိ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ လူနေအိမ်ခြံစည်းရိုးများ၌ အုတ်များ၊ သံပိပါများဖြင့် ပြုလုပ်ထားသည့်ဘန်ကာများ၊ ဆက်သွယ်ရေးတူးမြောင်းများနှင့် ပစ်ကျင်းများကို သိမ်းဆည်းရမိခဲ့သည်။

PDF အမည်ခံ အကြမ်းဖက်သမားများသည် ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ ကျေးရွာများတွင် ခိုအောင်းလှုပ်ရှားနေပြီး လူနေအိမ်များ၊ စာသင်ကျောင်းများနှင့် ဘာသာရေးအဆောက်အအုံများကို အကာအကွယ်ယူ၍ ပြည်သူလူထု အသုံးပြုနေသော စစ်ရေးနှင့် မသက်ဆိုင်သည့် ခရီးသွားသင်္ဘောများ၊ ကုန်စည်ပို့ဆောင်ရေး သင်္ဘောများကို ပစ်ခတ်တိုက်ခိုက်ခြင်းများ ကျူးလွန်ခဲ့ရာ ၂၀၂၁ ခုနှစ်မှစ၍ ယနေ့အချိန်အထိ *စာမျက်နှာ ၁၅ သို့*

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ ဘုန်းတော်ကြီးကျောင်းများတွင် အကြမ်းဖက်သမားများ အသုံးပြုထားသည့် ဘန်ကာများကို တွေ့ရစဉ်။

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ စာသင်ကျောင်းများ၌ အကြမ်းဖက်သမားများ နေထိုင်အသုံးပြုထားသည့် အသုံးအဆောင်ပစ္စည်းများကို တွေ့ရစဉ်။

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများတွင် အကြမ်းဖက်သမားများ အသုံးပြုခဲ့သည့် ဆက်သွယ်ရေးမြောင်းများနှင့် ပစ်ကျင်းများကို တွေ့ရစဉ်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြုံခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

နေပြည်တော် စက်တင်ဘာ ၂၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း (၁၂)ခု ရှိရာ စက်တင်ဘာ ၂၉ ရက်တွင် ပေါင်းလောင်း ရေလှောင်တမံတွင် (၃ ဒသမ ၉၀)ပေနှင့် ငလိုက် ရေလှောင်တမံတွင် (၀ ဒသမ ၁၀)ပေ ကန်ရေပြည့်အမှတ် အထက်ကျော်လွန်၍ ရေပိုလွှမ့် ရေကျော်စီးဆင်း နေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှု အခြေအနေမှာ လျော့ကျလာလျက်ရှိသည်။

အလားတူ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံ (၂၄၆) ခုအနက်မှ စက်တင်ဘာ ၂၉ ရက်တွင် ကန်ရေပြည့် အမှတ်အထက်ကျော်လွန်၍ ရေပိုလွှမ့်ရေကျော်စီးဆင်းနေသည့် ရေလှောင်တမံများမှာ ကရင်ပြည်နယ်တွင် (၁)ခု၊ ချင်းပြည်နယ်တွင် (၃)ခု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် (၂)ခု၊ ပဲခူးတိုင်းဒေသကြီးတွင် (၁၁) ခု၊ မကွေးတိုင်းဒေသကြီးတွင် (၁၁) ခု၊ မန္တလေးတိုင်းဒေသကြီးတွင် (၄) ခု၊ နေပြည်တော်တွင် (၂)ခု၊ မွန်ပြည်နယ်တွင် (၂)ခု၊ ရခိုင်ပြည်နယ်တွင် (၁)ခု၊ ရန်ကုန်တိုင်းဒေသကြီးတွင် (၃) ခု၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တွင် (၂) ခု၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) တွင် (၁)ခုနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် (၄) ခုဖြစ်ပြီး စုစုပေါင်း (၄၇) ခုရှိပြီး ယခင်နေ့ ရေကျော်ခဲ့သည့် ရေလှောင်တမံ (၅၀) ခုထက် (၃) ခု လျော့နည်းခြင်းဖြစ်သည်။

အဆိုပါရေလှောင်တမံများ၏ ကြုံခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျ ဝန်ထမ်းများအား (၂၄) နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိပါကြောင်းနှင့် စိုးရိမ်ရန် မရှိပါကြောင်း သိရသည်။

သတင်းစဉ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ - ၂၉.၉.၂၀၂၄
(၆ : ၀၀) နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

စဉ်	ရေလှောင်တမံအမည်	ကန်ရေပြည့်		ကန်ရေသေ		(၂၉.၉.၂၀၂၄)နေ့ရှိ			ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဇကပေ)	ကန်ရေပြည့်ရန် လိုအပ်သည့်		ကန်ရေပြည့်ပြီး		မိုးရေချိန် (လက်မ)	ယခင်နေ့ ရေမှတ်
		ရေမှတ် (ပေ)	သိုလှောင်ရေ ပမာဏ (ဇကပေ)	ရေမှတ် (ပေ)	သိုလှောင်ရေ ပမာဏ (ဇကပေ)	ဝင်ရေ (ဇကပေ)	ရေမှတ် (ပေ)	သိုလှောင် ပမာဏ (ဇကပေ)		ရေအနက် (ပေ)	သိုလှောင် ပမာဏ (ဇကပေ)	အမြင့် (ပေ)	ဝိုလျှံရေ ပမာဏ (ဇကပေ)		
၁	ပေါင်းလောင်းတမံ	၆၂၃.၃၉	၅၄၉၄၂၀	၅၄၁.၃၆	၂၇၃၆၆၀	၃၉၄၄၄	၆၂၇.၂၉	၅၆၆၁၃၃	၁၈၁၆၇ (လျှပ်စစ်) ထုတ်ရေ)	-	-	၃.၉၀	၂၁၃၆၆	-	၆၂၇.၃၂
၂	မဒန်းတမံ	၆၃၅.၀၀	၃၆၅၀၀	၅၉၀.၀၀	၅၂၀၀	၁၀၃	၆၂၄.၃၀	၂၅၇၁၃	-	၁၀.၇၀	၁၀၇၈၇	-	-	-	၆၂၄.၂၀
၃	ချောင်းမငယ်တမံ	၅၂၀.၀၀	၉၁၇၇၀	၄၈၀.၀၀	၁၅၃၀၀	၁.၅	၅၁.၈.၇၅	၈၈၃၅၈	၂.၂	၁.၆၀	၃၄၃.၂	-	-	-	၅၁.၈.၀၀
၄	ဖောင်းလောင်တမံ	၅၁.၀၀	၁.၂.၅	၄၉၀.၅၀	၂၅၄၀	-	၅၁.၀.၄၀	၁၁၀၁၉	၇	၁.၆၀	၁.၃၈	-	-	-	၅၁.၀.၅၀
၅	ရေဆင်းတမံ	၄၃၉.၀၀	၇၃၀၀၀	၃၆၈.၄၀	၁၀၄၀	၅.ရ	၄၃.၆.ရ	၆ရ၉.ရ၀	၂.ရ	၁.၃.ရ	၄.ရ.ရ	-	-	-	၄.ရ.ရ.ရ
၆	ငလိုက်တမံ	၅.ရ.ရ.ရ	၇.ရ.ရ.ရ	၅.ရ.ရ.ရ	၁.ရ.ရ.ရ	၅.ရ	၅.ရ.ရ.ရ	၆ရ.ရ.ရ	-	-	-	၀.ရ	၆.ရ	-	၅.ရ.ရ.ရ
၇	သဲဖြူတမံ	၄.ရ.ရ.ရ	ရ.ရ.ရ	၃.ရ.ရ.ရ	၆ရ.ရ	၂	၄.ရ.ရ.ရ	၇.ရ.ရ	-	၁.ရ.ရ	၇.ရ	-	-	-	၄.ရ.ရ.ရ
၈	ဆင်သေတမံ	၇.ရ.ရ.ရ	၃.ရ.ရ.ရ	၆.ရ.ရ.ရ	၃.ရ.ရ.ရ	ရ.ရ	၇.ရ.ရ.ရ	၃.ရ.ရ.ရ	၂	၇.ရ.ရ	၃.ရ.ရ.ရ	-	-	-	၇.ရ.ရ.ရ
၉	ကင်းသာရေထိန်းတမံ	၅.ရ.ရ.ရ	၇.ရ	၅.ရ.ရ.ရ	ရ					ရေတိုက်စား					
၁၀	မုန်ရေထိန်းတမံ	၆.ရ.ရ.ရ	၅.ရ.ရ	၅.ရ.ရ.ရ	၂.ရ	၆.ရ	၆.ရ.ရ.ရ	၄.ရ.ရ	-	ရ.ရ.ရ	၅	-	-	ရ.ရ.ရ	၆.ရ.ရ.ရ
၁၁	မြို့လှတမံ	၅.ရ.ရ.ရ	၃.ရ.ရ.ရ	၅.ရ.ရ.ရ	၂.ရ	၂.ရ	၅.ရ.ရ.ရ	၃.ရ.ရ	-	၅.ရ.ရ	၅.ရ.ရ	-	-	-	၅.ရ.ရ.ရ
၁၂	တောက်ပြိုတမံ	၆.ရ.ရ.ရ	၂.ရ.ရ	၆.ရ.ရ.ရ	၄.ရ.ရ	ရ	၆.ရ.ရ.ရ	၃.ရ.ရ	-	၅.ရ.ရ	၆.ရ	-	-	-	၆.ရ.ရ.ရ

စာမျက်နှာ ၁၄ မှ

စုစုပေါင်း ၁၄၆ ကြိမ် လုပ်ဆောင်ခဲ့ကြောင်း သိရှိရသည်။

ဧရာဝတီမြစ်ကြောင်းအတွင်း ပြည်သူများ လုံခြုံစိတ်ချစွာ ခရီးသွားလာနိုင်ရန်နှင့် ကုန်စည်များ သယ်ယူ ပို့ဆောင်နိုင်ရန်အတွက် ဒေသတွင်း ကုန်စည်စီးဆင်းမှုကို နှောင့်ယှက်တိုက်ခိုက်နေပြီး ခရီးသွားပြည်သူများ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေသည့် PDF အမည်ခံအကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက နည်းလမ်းမျိုးစုံဖြင့် စုံစမ်းဖော်ထုတ်၍ လိုအပ်သည့် တိုက်ခိုက်ချေမှုန်းရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထုအနေဖြင့်လည်း အကြမ်းဖက်သမား ကင်းစင်ပြီး အေးချမ်းတည်ငြိမ်စွာ နေထိုင်သွားလာနိုင်ရန်အတွက် အကြမ်းဖက်သမားများ၏ လှုပ်ရှားသွားလာ၊ ခိုအောင်းနေထိုင်လျက်ရှိကြောင်းသိရှိရပါက လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လျှို့ဝှက်စွာ ဆက်သွယ် သတင်းပေးပို့နိုင်ပါကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများ၌ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းများကို တွေ့ရစဉ်။

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများတွင် အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းများကို တွေ့ရစဉ်။

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများတွင် အကြမ်းဖက်သမားများ အသုံးပြုထားသည့် ပစ်ကျင်းများနှင့် ဘန်ကာများကို တွေ့ရစဉ်။

ရေကြီးတာ လျှပ်စစ်ထုတ်လို့လား . . .

ယခုတလော "လျှပ်စစ်ထုတ်တဲ့ဆည်တွေ ဖောက်ချလိုက်လို့ ရေတွေကြီးတာ" ဆိုပြီး ၀ါဒဖြန့်နေမှုများကို ဆိုရှယ်မီဒီယာများတွင် တွေ့လာရသဖြင့် ရေအား လျှပ်စစ်နှင့်ပတ်သက်၍ ဆည်မြောင်းတာတမံများအကြောင်းကို အနည်းငယ် ရှင်းလင်းတင်ပြလိုပါသည်။

မောင်မောင်စွယ်စုံထွန်း

ကြိုတင်လေ့လာပြီးမှ တည်ဆောက်

ဆည်မြောင်းတာတမံများကို စိုက်ပျိုးရေ ရရှိရေး၊ လျှပ်စစ်ရရှိရေး စသည်ဖြင့် ဒေသအလိုက် အကြီး၊ အလတ်၊ အသေး သင့်လျော်သလို တည်ဆောက်ကြလေ့ရှိပါသည်။ တမံများ တည်ဆောက်ရာတွင် ရေလှောင်ဖို့ တမံအမြင့် တည်မှာလား၊ ရေစီးအားကိုအသုံးချဖို့ နိမ့်နိမ့်မဲ့ လုပ်မှာလား စသည်ဖြင့် ကြိုတင်လေ့လာသုံးသပ်ပြီးမှသာ တည်ဆောက်ကြရသည်။

မြေမျက်နှာသွင်ပြင် အခြေအနေ၊ ဘေးပတ်ဝန်းကျင်အနေအထားများ စသည်တို့ကိုလည်း လေ့လာကြရသည်။ ဘူမိအင်ဂျင်နီယာနည်းပညာ၊ မြို့ပြအင်ဂျင်နီယာနည်းပညာများဖြင့် ဆန်းစစ်လေ့လာကြရသည်။ လှောင်ရေကို လွတ်ပါက ဆည်အောက်ဘက်တွင် ဘာဖြစ်နိုင်သည်၊ ဘာတွေထိခိုက်နိုင်သည်၊ ဘယ်လိုဖြေရှင်းမည် စသည်ဖြင့်လည်း ကြိုတင်ဆန်းစစ်လေ့လာပြီးမှ တည်ဆောက်ကြရသည်။ အရေးအကြီးဆုံးအချက်မှာ မိုးလေ၀သနှင့် ဧလဗေဒနည်းအရလည်း နှစ်စဉ်စီးဆင်းနိုင်သည့် ရေပမာဏ၊ ရေစီ၀င်နိုင်မှုနှုန်း စသည်ဖြင့်လည်း အသေးစိတ်လေ့လာကြရပါသည်။

ထူးကဲဒီရေဖြစ်လာခဲ့လျှင် ဘယ်လောက်ရေစီးနှုန်းဖြစ်မည်၊ ဘယ်လောက်ထိခိုက်လာနိုင်သည် စသည်ဖြင့်လည်း အသေးစိတ်လေ့လာကြရပါသည်။ နှစ်အနည်းငယ်အတွင်း စူးစမ်းရရှိထားသည့် အချက်အလက်များဖြင့်လည်း ဆည်တမံများ တည်ဆောက်လို့မရသေးဘဲ ခေတ်မီတွက်ချက်နည်းများဖြင့် နှစ် ၁၀၀၀၊ နှစ် ၅၀၀၀ စသည်ဖြင့်လည်း ခန့်မှန်းတွက်ချက်ပြီးမှသာ တည်ဆောက်ကြရသည်။

ဆိုလိုသည်မှာ ဆည်တမံများကို ဖြစ်သလို တည်ဆောက်ထားခြင်းမျိုးမဟုတ်ပါ။ ရေပြည့်လျှင် ဖောက်ချဖို့ဆိုသည့် အတွေးအမြင်မှားနေသူအချို့အား ဆည်တမံဆိုသည်မှာ အချက်အလက်များစွာ သုတေသနပြုလုပ်၍ ဒီဇိုင်းထုတ်ပြီးမှ တည်ဆောက်ရခြင်းဖြစ်သည်ကို ရှင်းပြလိုခြင်းဖြစ်ပါသည်။

ယခုတလောဖြစ်ပွားခဲ့သည့် ရေကြီးခြင်းဖြစ်စဉ်များကို နှစ်ပေါင်းများစွာကြာမှ တစ်ကြိမ်လောက်ဖြစ်လာနိုင်သော ထူးကဲဒီရေများကိုပါ ထည့်သွင်းတွက်ချက်ပြီးမှသာ ဆည်တမံများကို တည်ဆောက်ထားခြင်းဖြစ်ပြီး spill way ဟု ခေါ်သော ရေပိုလွှဲများကိုလည်း မဖြစ်မနေ ထည့်သွင်းတည်ဆောက်ထားကြပါသည်။ လိုအပ်လျှင် အရေးပေါ်အသုံးပြုရန် အရေးပေါ်ရေပိုလွှဲ (auxiliary spill way) များကိုလည်း ထည့်သွင်းတည်ဆောက်ထားကြပါသည်။

အရေးပေါ်ရေပိုလွှဲသည် အသက်ကယ်ဆေး

ပုံမှန်ရေပိုလွှဲက ရေထုတ်လုပ်တာ မနိုင်လောက်လျှင် သတ်မှတ်ရေအမြင့်တစ်ခုကို ရောက်ရှိပါက အရေးပေါ် ရေပိုလွှဲကနေပါ ထုတ်နိုင်အောင် မဖြစ်မနေ ထည့်သွင်းတည်ဆောက်ထားလေ့ ရှိကြပါသည်။ ယခုကဲ့သို့ ရာသီဥတုဖောက်ပြန်၍ မမျှော်မှန်းနိုင်သော ရေ၀င်ရောက်ချိန်များတွင် အရေးပေါ် ရေပိုလွှဲသည် အသက်ကယ်ဆေးပင်ဖြစ်သည်။ ရေပိုလွှဲ (service spill way) အများစုမှာ တမံများနှင့် တစ်ဆက်တည်း တည်ဆောက်ကြလေ့ရှိပြီး (Concrete structure) များဖြစ်သည်။ မြေအကျယ်မလုံလောက်၍ တောင်ကုန်း စသည်တို့ကို ဖယ်၍ တည်ဆောက်ရလျှင် တောင်ကမ်းပါးယံပြိုး၍ ရေပိုလွှဲပတ်ဆို့နိုင်သည်ကိုပါ တွက်ဆ၍ လုံလောက်သော လျှောစောက်ရှိသည်အထိ ဖယ်ထုတ်တည်ဆောက်ကြရပါသည်။ service spill way ကို နေရာကျဉ်းကျဉ်းဆောင်ရွက်ရလျှင် ရေထုတ်အားကောင်းစေရန် Radial Gate များဖြင့် ဆောက်လုပ်ကြလေ့ရှိပါသည်။ သို့မဟုတ်ပါက service spill way ကို တစ်ဖြောင့်တည်း မတည်ဆောက်ဘဲ ရေလှောင်ကန်အတွင်းဘက်သို့ ဆန့်ထုတ်ပြီး ဘဲနှုတ်သီးပုံ (ခေါင်းလောင်းပုံ) (bell mouth) ရေပိုလွှဲမျိုးကို တည်ဆောက်ကြလေ့ရှိပါသည်။

service spill way ဟုခေါ်သော ရေပိုလွှဲများသည် မကြာခဏ ရေကျော်မှုနှင့် ကြုံတွေ့ရမည်ဖြစ်၍ အထူးခိုင်ခံ့အောင် ဆောက်လုပ်ကြရသည်။ အလွန်ကြီးမားသောရေကြီးမှု (propability maximum flood– PMF) ဖြစ်လာလျှင် စီးဝင်လာသောရေကို အမြန်ထွက်သွားစေရေးအတွက် အကူရေပိုလွှဲများကိုလည်းမဖြစ်မနေ ပါ၀င်ထည့်သွင်းတည်ဆောက်လေ့ရှိကြပါသည်။ ထို့ပြင် ဆည်တမံများ၏ ရေ၀ေ၀ေသမှ ဒေသခံအများစုသည်လည်း ထူးကဲဒီရေဖြစ်နိုင်ကြောင်းကို တွေးဆ၍ ချောင်းရေတက်နိုင်သည့် နေရာမျိုးတွင် အခြေချနေထိုင်လေမရှိကြပါ။

အန္တရာယ်ရှိနိုင်သည်ကို နားလည်ကြရန်လို

သို့သော်လည်း တမံပေါက်လာပြီး နေ၀က်ပိုင်းတွင် ရေစီးရေလာနည်းသွားသည့်အတွက် မူလချောင်းဧရိယာအတွင်း ကျူးကျော်၀င်ရောက်နေထိုင်စီးပွားရှာသူများက ရှိလာပြန်ရာ အဆိုပါကိစ္စများသည် ဆည်ရေလျှံသည်နှင့်မဆိုင်ဘဲ အန္တရာယ်ရှိနိုင်သည်ကိုသိလျက် ၀င်ရောက်နေထိုင်ကြသဖြင့်သာ ရေကြီးပြီး အသက်အန္တရာယ်ဆုံးရှုံးကြရသည်ကို သဘောပေါက်နားလည်ကြရန် လိုပါသည်။

အဆိုးဆုံးမှာ မူလချောင်းဧရိယာအတွင်း ကန့်လန့်ဖြတ်ဝိတ်၍ အဆောက်အအုံများ ဆောက်လုပ်ခြင်းဖြစ်သည်။ ချောင်းရေမြင့်တက်လာပါက ရေလမ်းကြောင်းပျောက်ပြီး အခြားအနိမ့်ဝိုင်းများသို့ပါ ရေ၀င်ရောက်ခြင်းမျိုးဖြစ်သည်။ ထိုသို့မဆင်မခြင် ဆောက်လုပ်နေထိုင်ကြမှုများကြောင့်သာ ဆက်စပ်နေသည့် အိုးအိမ်များ ရေမျောကုန်ခြင်း၊ လမ်းတံတားများကျိုးခြင်း စသည်တို့ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။

အကယ်၍ မုနိတိုင်းမိုးကို ကြိုတင်တွက်ဆ၍ ရလျှင် ရက်အနည်းငယ်စောပြီး အထိုက်အလျောက် ရေကို ကြိုလျှော့ထားနိုင်သည်။ မိုးဖြတမံ ရေ၀င်ရောက်မှုမှာ ယခင်နှစ်ကထက်ပိုများနေ၍ ယခုတောင်တရုတ်ပင်လယ်မှ မုနိတိုင်းမဝင်မီ တစ်ပတ်ကျော်မှပင်စပြီး ရေလျှော့ထားနိုင်ခဲ့သည်။ မိုးဖြဲ ရေဖောက်ချလိုက်၍ လွိုင်ကော်ရေမြေပ်ပါပြီဆိုပြီး မီဒီယာအချို့က ပြောကြသည်။ ဤမုနိတိုင်းမတိုင်မီ ကံကောင်းထောက်မ၍ တာ၀နှစ်ရှိသူများက ကြိုတင်မှန်းဆပြီး ရေလျှော့ထားခဲ့၍သာ လွိုင်ကော်မြို့ ရေ၀ေးမှ သက်သာသွားခဲ့ခြင်းဖြစ်သည်။

ယခု ဖောင်တော်ဦး ဘုရားကြမ်းပြင်အထက်ပင် ရေ၀င်တော့မည့်အခြေအနေတွင် အင်းလေးနှင့် မိုးဗြဲမှာ တစ်ဆက်တည်းဖြစ်နေရာ ရေသာကြိုလျှော့မထားပါက မိုးဗြဲ မည်သို့ဖြစ်လာနိုင်သည်ကို မှန်းဆကြည့်နိုင်ကြပါသည်။ ထပ်မံရှင်းလင်းလိုသည်မှာ တမံများသည် တည်ဆောက်စဉ်ကပင် ရည်ရွယ်ချက်မှာ စိုက်ပျိုးရေ၊ လျှပ်စစ်ထုတ်ရန်ရေ၊ မြို့ရေပေးရေးအတွက်ရေ စသည်ဖြင့် ရေရရှိရေးသာ အဓိကဖြစ်သည်။ သို့သော် ဘက်စုံစဉ်းစားလုပ်ခဲ့သဖြင့် ဆည်များက ရေကို ထိန်းညှိသိုလှောင်ထုတ်ပေးခြင်းကြောင့် ရေမြေပ်မှုများမှ သက်သာသွားစေမည်ဖြစ်ပါသည်။ ဆည်ရေဖောက်ချလို့ ရေကြီးခြင်း လုံး၀မဟုတ်ပါ။ ဆည်တစ်ခုတွင် ရေထုတ်နိုင်သော နေရာ (၅)မျိုးရှိပါသည်–

(၁) ဆည်ရေပေးသည့်အပေါက်မှာ လယ်များ ရေပေးရန် သင့်တင့်သောအရွယ်နှင့် ဂိတ်ပါတပ်ဆင်ထားသည်။ လက်တံမြောင်းများအလိုက် အချိန်ကိုက်ပေး၀ေရသည်။ ယခုလို မုနိတိုင်းကာလမျိုးတွင် လယ်များထဲမှာပင် ရေထုတ်နေရပြီဖြစ်၍ ဆည်ရေပေါက်မှ ရေမလွှတ်တော့ပါ။

(၂) လျှပ်စစ်ထုတ်စက်များ မောင်းနှင်သည့် အပေါက်မှာ လျှပ်စစ်မောင်းချိန်တွင်သာ ဖွင့်၍ မောင်းရသည့်အပေါက်ဖြစ်သည်။ လျှပ်စစ်လိုလျှင် ရေဖွင့်စရာမလိုပါ။ ထိန်းချုပ်မောင်းနှင်နေခြင်းသာ ဖြစ်ပြီး ဖောက်ချထားခြင်းမျိုး မဟုတ်ပါ။

(၃) service spill way မှ ကန်ရေပြည့်ချိန် သူ့အလိုလို ကျော်ကျသည့်ရေမှာ အထူးစီမံရန် မလိုပါ။ ရေလှောင်တမံအတွင်း ရေပြည့်လျှင် သူ့အလိုလိုကျော်ဆင်းရန် ကွန်ကရစ်ဖြင့် အထူးစီမံထားသည့် ရေလမ်းဖြစ်သည်။ radial gate ပါသည့် တမံများတွင် ရေကိုကြိုပြီး လျှော့ချထားနိုင်၍ အန္တရာယ်ကို လျှော့နည်းစေပါသည်။

(၄) sand washing gate မှာ တမံအတွင်း သဲနုန်းများကို ဆေးထုတ်လိုသည့်အခါ အသုံးပြုရန် တမံအောက်ဘက်ပိုင်းတွင် တပ်ဆင်ထားသည့် gate မျိုးဖြစ်သည်။ အထက်ပေါင်းလောင်း တစ်ခုသာ ဤအပေါက်ရှိသည်။ သို့သော် ဤအပေါက်ကို ဖွင့်ရသည့်အချိန်သည် မိုးဦးကျ ရေ၀င်ရောက်ခါစ တွင်သာ ဖွင့်ရပါသည်။ အခုလို ကန်ရေပြည့်နေချိန် ဖွင့်ရိုးထုံးစံမရှိပါ။

(၅) navigation lock ဖွင့်ခြင်းမှာ တမံအထက်ပိုင်းရေပြင်နှင့် အောက်ဘက်ချောင်းကို ဆက်စပ်ပေးပြီး လှေများ၊ မော်တော်များ၊ သင်္ဘောများ သွားလာနိုင်ရန် စီစဉ်ထားသည့် အပေါက်အတွင်း ရေနိမ့်ခ်ြမင့်ညီပေးသည့် ရေလမ်းဖြစ်သည်၊ မလိုအပ်ဘဲ လုံး၀မဖွင့်ပါ။ ဤအပေါက်မျိုးမှာ မြန်မာနိုင်ငံတွင် မိုးဗြဲတမံတွင်သာရှိသည်။ မည်သည့် တမံမဆို ဤ(၅)မျိုးမှလွဲ၍ မည်သည့်နည်းနှင့်မျှ ရေထုတ်လွှတ်ခြင်း မလုပ်နိုင်ပါ။ တမံမှရေဖောက်ချ ၍အောက်ဘက်ရေကြီးပါသည်ဆိုသော အသုံးအနှုန်းသည် ဤအချက်ငါးချက်ကို မသိကြ၍လည်း ဖြစ်နိုင်သလို ရည်ရွယ်ချက်ရှိရှိ တမင်သက်သက် ပြည်သူအား အမြင်လွဲမှားစေရန် ဆောင်ရွက်နေခြင်းမျိုးလည်း ဖြစ်နိုင်ပါသည်။

> ❒ **ရေအားဖြင့် လျှပ်စစ်ထုတ်လုပ်ခြင်းကြောင့် ရေကြီးခြင်းမဟုတ်ဘဲ ထိုသို့ ရေအား လျှပ်စစ်ထုတ်လုပ်ခြင်းကြောင့်သာ ရေကြီးမှုဒဏ်ကို ကာကွယ်နိုင်ခြင်းဖြစ်**
>
> ❒ **တောင်ကျရေများ ရုတ်တရက်စီးဆင်းလာခြင်း၊ ရေလမ်းကြောင်း ချောင်းဧရိယာ အတွင်း ဝင်ရောက်နေထိုင်ခြင်း၊ အချိန်အနည်းငယ်အတွင်း မိုးရေချိန်များလွန်းပြီး အောက်ရေက တောင့်ခံနေခြင်းတို့ကြောင့်သာ ရေကြီးရေလျှံဖြစ်**

(၂) ရေပိုလှောင်ထားနိုင်ခြင်း

စိုက်ပျိုးရေနှင့် သောက်သုံးရေအတွက် ရေကို ပိုမိုသိုလှောင်ထားနိုင်ပြီး အကျိုးကျေးဇူးများစွာ ရရှိစေပါသည်။

(၃) ရေအားလျှပ်စစ်ထုတ်နိုင်ခြင်း

ရေများစွာကို ပိုမိုသိုလှောင်ထားနိုင်သဖြင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှုကို ပိုမိုမြှင့်တင်ပေးနိုင်စွမ်း ရှိပါသည်။

(၄) ဆည်မြောင်းပံ့ပိုးမှုပေးနိုင်ခြင်း

မိုးရာသီကုန်လွန်ပြီး လယ်ယာစိုက်ပျိုးရေးအတွက် ရေကိုပိုမိုရ၍ ဆက်လက်ပေး၀ေနိုင်ပါမည်။

(၅) တိုက်စားမှုနှင့် တိမ်ကောမှုများ ထိန်းချုပ်ခြင်း

ရေတိုက်စားမှုနှင့် မြစ်ချောင်းများ တိမ်ကောမှုမှ ထိန်းချုပ်နိုင်ပြီး ရေလွှမ်းမှု၊ မိုးများမှုမှ များစွာကာကွယ်ပေးနိုင်ပါသည်။

ရာဂီကဲ့သို့ မုနိတိုင်းများကြောင့် ပြင်းထန်သော မိုးရွာသွန်းမှုများတွင် ဆည်တမံများ ဖောက်ချခြင်းကြောင့် ပျက်စီးဆုံးရှုံးရခြင်း လုံး၀မဟုတ်ပါ။ ဆည်တမံများတည်ဆောက်ထားပြီး ရေပမာဏနှင့် စီးဆင်းမှုကို စီမံခန့်ခွဲနိုင်ခြင်းဖြင့်သာ ပျက်စီးဆုံးရှုံးမှုကို လျှော့ချနိုင်မည်ဖြစ်ပါသည်။

အချုပ်အားဖြင့်တင်ပြလိုသည်မှာ ရေကြီးခြင်းသည် ဆည်မြောင်းတာတမံများ (အထူးသဖြင့် လျှပ်စစ်ထုတ်လုပ်လျက်ရှိသော ဆည်မြောင်းတမံကြီးများ)မှ ရေကိုဖောက်ချ၍ မရနိုင်ကြောင်းကို တည်ဆောက်ပုံနှင့် ဒီဇိုင်းပိုင်းတို့အား တင်ပြထားပြီးဖြစ်၍ အထူးမပြောလိုတော့ပါ။

ယခုကဲ့သို့ ရေကြီးခြင်းဖြစ်ရခြင်းမှာ (၁) မိုးရေချိန် မြင့်မားစွာ တစ်ခဏအတွင်းရွာသွန်းခြင်း၊ (၂) မြစ်ချောင်းများအတွင်း အနည်ကျမှုများလာခြင်းကြောင့်သာ အဆိုပါမြစ်ချောင်းများ ကောလာပြီး ရေစီးစရာမရှိဘဲ ရေမြင့်တက်လာခြင်းနှင့် (၃) လတ်တလော မိုးရွာသွန်းမှုများကို အောက်ရေ (ပုံမှန်ဒီရေ)က တောင့်ခံနေခြင်း စသည့်အချက်ကြီးသုံးချက်ကြောင့်သာ ရေကြီးခြင်းဖြစ်စေသည်ကို ပြည်သူများ သိရှိနားလည်သဘောပေါက်ကြစေလိုပါသည်။

အထူးသဖြင့် ရေအားဖြင့် လျှပ်စစ်ထုတ်လုပ်ခြင်းကြောင့် ရေကြီးခြင်းမဟုတ်ဘဲ ထိုသို့ ရေအား လျှပ်စစ်ထုတ်လုပ်ခြင်းကြောင့်သာ ရေကြီးမှုဒဏ်ကို ကာကွယ်နိုင်ခြင်းဖြစ်ပြီး မျှော်မှန်းမရသော ထူးကဲသည့် မိုးလေ၀သအခြေအနေအရ တောင်ကျရေများ ရုတ်တရက်စီးဆင်းလာခြင်း၊ ရေလမ်းကြောင်း ချောင်းဧရိယာအတွင်း ဝင်ရောက်နေထိုင်ခြင်း၊ အချိန်အနည်းငယ်အတွင်း မိုးရေချိန်များလွန်းပြီး အောက်ရေက တောင့်ခံနေခြင်းတို့ကြောင့်သာ ရေကြီးရေလျှံဖြစ်၍ ယခုလိုပျက်စီးဆုံးရှုံးမှုများခဲ့ရခြင်း ဖြစ်ပါကြောင်း စာရေးသူ၏ အမြင်ကို ရေးသားတင်ပြလိုက်ရပါသည်။ ။

တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား

နေပြည်တော် စက်တင်ဘာ ၂၉

၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း/ရုံများတွင် ဆက်လက် ယှဉ်ပြိုင် ကစားကြသည်။

၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများမှ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲကို ဧရာဝတီရိတပ်မတော် အားကစားကွင်း၌ အမျိုးသား / အမျိုးသမီး ၂၀ ကီလိုမီတာလမ်းလျှောက်ပြိုင်ပွဲ ဗိုလ်လုပ်ပွဲ ၊အမျိုးသား ၁၀ မျိုးစုံ မီတာ ၁၀၀ ပြေးပြိုင်ပွဲ ဗိုလ်လုပ်ပွဲ၊ အမျိုးသား / အမျိုးသမီး မီတာ ၄၀၀တန်းကျော်ပြေးပြိုင်ပွဲ လူရွေးပွဲ၊ အမျိုးသား ၁၀ မျိုးစုံ အလျားခုန်ပြိုင်ပွဲ ဗိုလ်လုပ်ပွဲ၊ အမျိုးသား ၁၀ မျိုးစုံ သံလုံးပစ်ပြိုင်ပွဲ ဗိုလ်လုပ်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၈၀၀ ပြေးပြိုင်ပွဲဗိုလ်လုပ်ပွဲ၊ အမျိုးသား/ အမျိုးသမီး မီတာ ၂၀၀ ပြေးပြိုင်ပွဲ လူရွေးပွဲ၊ အမျိုးသား ၁၀ မျိုးစုံ တန်းမြင့် ခုနှစ်ပြိုင်ပွဲ ဗိုလ်လုပ်ပွဲ၊ အမျိုးသား / အမျိုးသမီး မီတာ ၄၀၀ တန်းကျော်ပြေးပြိုင်ပွဲ ဗိုလ်လုပ်ပွဲ၊ အမျိုးသား ၁၀ မျိုးစုံ မီတာ ၄၀၀ ပြေးပြိုင်ပွဲ ဗိုလ်လုပ်ပွဲကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသား/အမျိုးသမီး ဂျုံဒိုပြိုင်ပွဲကို ဧရာဝတီရိအားကစားရုံ (A) တွင် အမျိုးသား / အမျိုးသမီး ကီလိုတန်းအလိုက် အတိုတ်ရှုံးထွက်ပွဲစဉ်များ၊ ပတ်လည်ပွဲစဉ်များ၊ တတိယလုပွဲများနှင့်ဗိုလ်လုပွဲစဉ်များကို အသီးသီးယှဉ်ပြိုင်ကစားကြသည်။ ထို့နောက် အားကစား အမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို တပ်မတော်အရာရှိကြီးများနှင့် တပ်မတော် ဂျုံဒိုကော်မတီမှ တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ် ချီးမြှင့်ကြသည်။

၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒိုင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲကို ဧရာဝတီရိအားကစားရုံ (C) ၌ အမျိုးသား ဗန်တိုအတိုက်ပြိုင်ပွဲ (က) တန်း၊ အမျိုးသား ဗန်တိုအတိုက်ပြိုင်ပွဲ (ခ)တန်း၊ အမျိုးသား ပန်ကြပ်ဆီးလပ် အတိုက်ပြိုင်ပွဲ (က) တန်း၊ အမျိုးသား ဓားနှစ်လက် အတိုက်ပြိုင်ပွဲ (ခ)တန်း၊ အမျိုးသားဓားတစ်လက် အတိုက်ပြိုင်ပွဲ (က)တန်း၊ အမျိုးသားဓားတစ်လက် အတိုက်ပြိုင်ပွဲ (ခ)တန်း၊ အမျိုးသမီး ပန်ကြပ်ဆီလပ် အတိုက်ပြိုင်ပွဲ၊ အမျိုးသမီး ဓားတစ်လက် အတိုက်ပြိုင်ပွဲ၊ လက်ထောက်နည်းပြ တစ်ကိုယ်တော် ဓားတစ်လက် ပညာစဉ် စွမ်းရည်ပြပြိုင်ပွဲ အမျိုးသမီး တစ်ကိုယ်တော် ဓားတစ်လက် ပညာစဉ် စွမ်းရည်ပြပြိုင်ပွဲများကို လည်းကောင်း၊ လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ် အားကစားခန်းမ၌ ကီလိုတန်း အလိုက် လူသစ်တန်းပြိုင်ပွဲ၊ က အဆင့်ပြိုင်ပွဲနှင့် အလွတ်တန်း ပြိုင်ပွဲတို့၏ ဗိုလ်လုပွဲပြိုင်ပွဲ ပွဲစဉ်များကိုလည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားကြသည်။

အလားတူ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဖလား ဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် လေ့ကျင့်ရေးကွင်း(၁)၌ ဒုတိယ အဆင့်အုပ်စုပတ်လည်ပွဲစဉ်အဖြစ် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အနောက်တောင် တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား ခြောက်ဂိုး – တစ်ဂိုးဖြင့် လည်းကောင်း၊ ဧရယ္ယာသီရိ တပ်မတော် အားကစားကွင်း၌ ဒုတိယအဆင့် အုပ်စုပတ်လည် ပွဲစဉ်အဖြစ် ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားရာ ရန်ကုန်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်းအား ခုနစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့်နေရာများတွင် လိုအပ်သည့်သန့်ရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လျှောဒါန်း

နေပြည်တော် စက်တင်ဘာ ၂၉

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့တွင်လည်းကောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့တို့တွင်လည်းကောင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများအပေါ်နှင့် ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့်နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်း အပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သား များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလျှော့ငွေများကို အားတက်သရော ပေးအပ်လျှောဒါန်းခြင်းနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လျှောဒါန်းခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်နေမှုများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းအပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန် အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း/တံတားများကိုလည်း ယာယီသံပေါင်ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန် ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံးဆက်လက်ပြုပြင် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

သာယာဝတီမြို့နယ်၌ မိုးစပါးစံကွက် ရိတ်သိမ်း၊ တစ်ဧက ၁၃၃ တင်းနှုန်းထွက်ရှိ

သာယာဝတီ စက်တင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သာယာအေးကျေးရွာအုပ်စု သာယာအေးကျေးရွာ တောင်သူ ဦးလှိုင်းသူ၏ Durm Seeder စက်ဖြင့် စိုက်သည့် ဗီယက်နမ်မျိုးစိုက်ခင်း ၁၄ ဧက စိုက်ခင်းတွင် ယမန်နေ့က စံကွက်ရိတ်သိမ်းခဲ့ကြောင်း သိရသည်။

မိုးစပါးစံကွက်ရိတ်သိမ်းရာသို့ သာယာဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေးနှင့် ခရိုင်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များ၊ သာယာဝတီမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဆန်းဟိုနှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများက ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ စိုက်ခင်းစံကွက်ရိတ်သိမ်းရာတွင် မိုးစပါးတစ်ဧကလျှင် အစိုအထွက်နှုန်း ၁၃၃ ဒသမ ၀ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

သန့်ဇော်(ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ Grand Royal စက်ရုံ၌ စက်တင်ဘာ ၂၉ ရက်က ခရိုင်မီးသတ်ဦးစီးမှူး လ/ထ ညွှန်ကြားရေးမှူး ဦးကျော်ကိုကို၊ မြို့နယ်မီးသတ်ဦးစီး ဦးစီးအရာရှိ ဦးကျော်ကျော်ဦး ဦးဆောင်၍ တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ရေးယာဉ်သုံးစီး၊ ရာဖွေကယ်ဆယ်ရေးယာဉ် တစ်စီးဖြင့် ဝန်ထမ်းများနှင့် ပူးပေါင်း၍ မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်စဉ်။ မောင်ကျော်ကြီး

ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်ကို ယူနက်စကိုကမ္ဘာ့ဘူမိဥယျာဉ်စာရင်းဝင်ရောက်ရန် ကြိုးပမ်းနေ

အောင်သန်းဦး

သဘာဝပတ်ဝန်းကျင်ကို အထောက်အကူပြုခြင်း၊ သုတေသနလုပ်ငန်းကို အထောက်အကူပြုခြင်းနှင့် ခရီးသွားလုပ်ငန်းကို အထောက်အပံ့ရရှိစေသည့် ကမ္ဘာလုံးဆိုင်ရာ ဘူမိဥယျာဉ် ၂၁၃ ခုတည်ရှိသည့် အနက် မြန်မာနိုင်ငံအနေဖြင့် ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်ကိုလည်း ယူနက်စကိုကမ္ဘာလုံးဆိုင်ရာ ဘူမိဥယျာဉ် (UNESCO Global Geoparks) အဖြစ် အသိအမှတ်ပြုပေါ်ထွန်းလာရန် ကြိုးပမ်းလျက်ရှိသည်။

အဆိုပြုတင်သွင်းထားသည့် ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်နယ်မြေကို တွေ့ရစဉ်။
ဓာတ်ပုံ - ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန

ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်အား ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ပထမဆုံးသော မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် ဘူမိဥယျာဉ်အဖြစ် သတ်မှတ်ကြေညာခဲ့ပြီး ဘူမိရုပ်သွင်ကြွယ်ဝခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်တည်ရှိခြင်းနှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးခြင်းတို့ကြောင့် ကမ္ဘာလုံးဆိုင်ရာ ဘူမိဥယျာဉ်ကြီးတစ်ခုအဖြစ်ပေါ်ထွန်းရန် အလားအလာအကောင်းဆုံး ဘူမိဥယျာဉ်ကြီးတစ်ခုဖြစ်သည်။

"မြန်မာနိုင်ငံက ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်ကို ကမ္ဘာလုံးဆိုင်ရာဘူမိဥယျာဉ်အဖြစ် အသိအမှတ်ပြုပါဝင်နိုင်ဖို့ ကျွန်တော်တို့လည်း တတ်စွမ်းသမျှ ဆောင်ရွက်နေပါတယ်။ အာဆီယံနိုင်ငံ အချို့မှာတော့ ကမ္ဘာလုံးဆိုင်ရာဘူမိဥယျာဉ်တွေ အသိအမှတ်ပြုထားတာရှိပါတယ်။ ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်ကို ဘူမိနယ်မြေ ၁၅ ခုနဲ့ အမျိုးသားအဆင့် ဘူမိဥယျာဉ်အဖြစ် သတ်မှတ်ကြေညာနိုင်ခဲ့တာကြောင့် ယူနက်စကို အသိအမှတ်ပြုခံရဖို့ ပိုင်းဝန်းကြိုးပမ်းနေကြပါတယ်။ ကမ္ဘာလုံးဆိုင်ရာဘူမိဥယျာဉ်အဖြစ် တည်ထောင်နိုင်မယ်ဆိုရင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သုတေသနလုပ်ငန်း၊ ခရီးသွားကဏ္ဍ၊ အလုပ်အကိုင်အခွင့်အလမ်းပေါ်ထွန်းမှုနဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေတာကြောင့် နိုင်ငံအတွက်လည်း ဂုဏ်ယူဖွယ်ဖြစ်ပါတယ်"ဟု ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နိုင်ငံပေါင်း ၄၈ နိုင်ငံတွင် ယူနက်စကိုအသိအမှတ်ပြု ဘူမိဥယျာဉ်အဖြစ် အသိအမှတ်ပြုခံထားရသည့် ဘူမိဥယျာဉ် ၂၁၃ ခုရှိပြီး အာရှတိုက်၌ တရုတ်နိုင်ငံမှ ဘူမိဥယျာဉ် ၄၄ ခု ဖြင့် အများဆုံး ပါဝင်လျက်ရှိ၍ အင်ဒိုနီးရှားနိုင်ငံမှ ၁၀ ခု၊ ထိုင်းနိုင်ငံမှ နှစ်ခု၊ မလေးရှားနိုင်ငံမှ နှစ်ခုနှင့် ဖိလစ်ပိုင်နိုင်ငံမှ တစ်ခု အသိအမှတ်ပြုထားသည်။ ဖိလစ်ပိုင်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာဘူမိဥယျာဉ်အဖြစ် ၂၀၂၃ ခုနှစ်တွင် အသိအမှတ်ပြုခံထားရသည်။ ။

သဘာဝထုံးကျောက်ဂူဂေဟာစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ၏ သွင်ပြင်လက္ခဏာ

ဝိန်းဇေလှပ်-သိန်းညွှန့်

ဝဿန္တမိုးကာလသည် မိုးရေများနှင့်အတူ စိုပြည်စိမ်းလန်း အေးမြနေတတ်သည်။ လေအေးတွင် သဘာဝပတ်ဝန်းကျင်တစ်လွှား၌ မိုးရေများ တဖြိုင်ဖြိုင် ရွာသွန်းတတ်သည်။ ထို့အတူ တောတောင်ရေမြေအထပ်ထပ်၌ မိုးရေများသည် မြင့်ရာမှသည် နိမ့်ရာဆီသို့ ဦးတည်စီးဆင်းလျက်ရှိကြသည်။

ပြဒါးလင်းဂူသဘာဝထုံးကျောက်ဂေဟာစနစ်။

ကျောက်လွှာကြီးများ ပေါ်ထွန်းဖြစ်တည်

အချို့သော မိုးရေများသည်ကား မြေလွှာအက်ကြောင်းများ (သို့မဟုတ်) တွင်းပေါက်များ အတွင်း စီးဆင်းစိမ့်ဝင်သွားကြသည်။ အနီမိုးရေများသည် မြေအောက်ပိုင်းရှိ ထုံးကျောက်လွှာများနှင့် ထိတွေ့ပေါင်းစပ်ကာ ကာဗွန်နိတ်များအဖြစ် ရေတွင် ပျော်ဝင်သွားကြတော့သည်။ ဤသို့ဖြင့် ကျောက်လွှာကြီးများ တဖြည်းဖြည်း ပေါ်ထွန်းဖြစ်တည်လာခဲ့ပေသည်။ ထိုမှတစ်ဖန် ကျောက်ဂူ၊ လိုဏ်ခေါင်းကြီးများ ဖြစ်တည်လာခဲ့ရာမှ ထုံးကျောက်ဂူများအဖြစ် မြင်တွေ့လာရသည်။ ယခုအခါ ယင်းကျောက်ဂူများအတွင်း ကျောက်စက်ပန်းဆွဲနှင့် ကျောက်စက်မိုးမျှော် စသည်တို့သည် သဘာဝဘူမိရုပ်သွင်အဖြစ် လှပဆန်းကြယ်စွာ မြင်တွေ့ကြရသည်။

ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝ

မြန်မာ့မြေပြင်သည် ထုံးကျောက်ဂူ ဂေဟာစနစ်များ ထူးခြားစွာဖြစ်တည်ကာ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ လေ့လာသုတေသနပြုဖွယ်ရာ ဘူမိရုပ်သွင်ပြင်များကို တွေ့ရှိနိုင်မည်ဖြစ်သည်။ အထူးသဖြင့် ကချင်ပြည်နယ် ဧရာဝတီမြစ်ဖျား၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ကယား ထုံးကျောက်လိုဏ်ဂူတွင် ကျက်စားသည့် ပြည်နယ်၊ ကရင်ပြည်နယ် တောက်တဲ့မျိုးစိတ်တစ်ခု

မြန်မာ့မြေပြင်သည် ထုံးကျောက်ဂူ ဂေဟာစနစ်များ ထူးခြားစွာဖြစ်တည်ကာ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ လေ့လာသုတေသနပြုဖွယ်ရာ ဘူမိရုပ်သွင်ပြင်များကို တွေ့ရှိနိုင်

ကရင်ပြည်နယ် ဘားအံခန်းကျင်ရှိ သဘာဝထုံးကျောက်ဂူများသည် ခရီးသွားဧည့်သည်များအား ဆွဲဆောင်လျက်ရှိသည်။

သံလွင်မြစ်ကမ်းနံဘေး လင်းနို့ဂူ(ခေါ်) ဘားကပ်ဂူအတွင်း၌ မြောက်မြားစွာသော လင်းနို့သတ္တဝါများ အုပ်စုလိုက်ကျက်စားကြောင်း၊ ညနေပိုင်းအချိန်တွင် အတန်းလိုက်ပျံသန်းထွက်ခွာကြပြီး ပတ်ဝန်းကျင်တစ်လွှားရှိ ပိုးမွှားကောင်များကို ဖမ်းယူစားသောက်လေ့ရှိကြကာ နံနက်အစောပိုင်းတွင် ပြန်လာကြပြီး နေ့လယ်ပိုင်းတွင်မူ ဂူအတွင်းအောင်း၍ နေထိုင်ကြကြောင်း တွေ့ရသည်။ ထို့ပြင် သဘာဝထုံးကျောက်ဂူအတွင်း ဂေဟာစနစ်နှင့်အတူ တောက်တဲ့များလည်း နေထိုင်ကျက်စားကြကြောင်း မှတ်တမ်းများအရ သိရသည်။ သုတေသနပြုချက်များအရ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီနှင့် မန္တလေးတိုင်းဒေသကြီးတို့၌ ၂၀၁၇ ခုနှစ်မှ ၂၀၂၉ ခုနှစ်အထိ မှတ်တမ်းပြုခဲ့ရာတွင် တောက်တဲ့မျိုးစိတ်ပေါင်း ၄၀ ကျော် တွေ့ရှိခဲ့ရသည်ဆို၏။

တောက်တဲ့မျိုးစိတ်ပေါင်း ၁၈၀၀ ကျော်ရှိ

ကမ္ဘာတစ်ဝန်း တောက်တဲ့မျိုးစိတ်ပေါင်း ၁၈၀၀ ကျော်ရှိသည့် အနက် မြန်မာနိုင်ငံ၏ဂေဟာစနစ်များအတွင်း၌ တောက်တဲ့မျိုးစိတ် ၇၀ ကျော်ရှိကြောင်း သိရသည်။ သို့ဖြစ်သည်နှင့်အညီ သဘာဝထုံးကျောက်တောင်များအား အလေးထားထိန်းသိမ်းကာကွယ်ထားခြင်းမရှိပါမူ ယင်းတို့ကို အမှီသဟဲပြုနေထိုင်ကျက်စားကြသည့် ဇီဝမျိုးစိတ်များ မျိုးညှင်းပျောက်ကွယ်သွားမည့် အန္တရာယ်ရှိလာနိုင်ပေသည်။ အချုပ်အားဖြင့်ဆိုသော် သစ်တောဦးစီးဌာန၏ ကြီးကြပ်မှု၊ အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင် အဖွဲ့(F.F.I)၊ ဒေသခံပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများပူးပေါင်း၍ ထုံးကျောက်တောင်ဂေဟာစနစ် ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း သတင်းစကားပါးလိုက်ရပါသတည်း။ ။

ဓာတ်တံတားဖွယ် အခင်းအကျင်းများဖြစ်

ဘူမိပညာရှင်များ၏ လေ့လာစေ့ငုချက်များအရ သဘာဝထုံးကျောက်ဂူများသည် နှစ်ပရိဏာမကြာမြင့်လာချိန်၌ ဘူမိရုပ်သွင်များအဖြစ် ဖြစ်တည်လာခဲ့ကြကြောင်း၊ ဘူမိဗေဒသာမကသတ္တဗေဒနှင့် ရုက္ခဗေဒ၊ ရေးဟောင်းသုတေသနဆိုင်ရာ လေ့လာသုတေသနပြုရန်အတွက်လည်း စိတ်ဝင်စားဖွယ်ရာများဖြစ်ကြောင်း လေ့လာသိမှတ်ရသည်။

ခရီးသွားဧည့်သည်များအား ဆွဲဆောင်

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ဒေသရှိ ဝိတ်ချင်းမြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ပင်းတယဂူ၊ ပြဒါးလင်းဂူနှင့် ထန်ဆမ်းဂူ၊ ဗွန်ပြည်နယ်တစ်လွှား၌ ထုံးကျောက်လိုဏ်ဂူများကို လေ့လာတွေ့ရှိရသည်။ ယင်းကဲ့သို့သော ထုံးကျောက်ဂူများအတွင်း၌ ဇီဝမျိုးစုံမျိုးကွဲများစွာ နေထိုင်ကြသည့်အနက် လင်းနို့နှင့် တောက်တဲ့ သတ္တဝါများ မြောက်မြားစွာ နေထိုင်ကျက်စားကြကြောင်း သိမှတ်ရသည်။

ကယားပြည်နယ်ဝန်ကြီးချုပ် ယာယီရေဘေးကယ်ဆယ်ရေးစခန်းသုံးခုသို့ ဆန်၊ ဆီ၊ ထောက်ပံ့ငွေနှင့် လူသုံးကုန်ပစ္စည်းများထောက်ပံ့ပြီး ရေကြီးရေလျှံမှုများအား လှည့်လည်ကြည့်ရှု

လွိုင်ကော် စက်တင်ဘာ ၂၉

လွိုင်ကော်မြို့နယ်အတွင်း လက်ရှိဖြစ်ပေါ်နေသော ရေကြီးရေလျှံဖြစ်ပွားမှုများအတွက် ပြည်နယ်အစိုးရအဖွဲ့သည် ရေဘေးသင့် ဘုန်းတော်ကြီး ကျောင်းများ၊ ရေဘေးသင့် ပြည်သူများနှင့် ဝန်ထမ်းများအတွက် ဆန်၊ ဆီ စသည်တို့ကို စဉ်ဆက်မပြတ် လှူဒါန်းထောက်ပံ့ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပြီး စေတနာရှင် အလှူရှင်များကလည်း လာရောက်ကူညီ လှူဒါန်းလျက်ရှိသည်။ ယနေ့ နံနက်ပိုင်းက ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီး၊ ဥတ္တရာရုံ ပရိယတ္တိစာသင်တိုက်နှင့် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ယာယီ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံကာ ပြည်နယ်ဝန်ကြီးချုပ်က အားပေးစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများသို့ ဆန်၊ ဆီ၊ လူသုံးကုန်ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကာ ရေဘေးသင့်ပြည်သူများအား ချက်ပြုတ်ကျွေးမွေးသည့် နေရာများသို့ လှည့်လည်ကြည့်ရှုခဲ့သည်။

အဆိုပါ ကယ်ဆယ်ရေး စခန်းများတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အားပေးစကားပြောကြားရာတွင် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရေဘေးသင့်ပြည်သူများ၏ နေထိုင်စားသောက်ရေးကိစ္စများ အဆင်ပြေစေရေးအတွက် ကူညီပေးလျက် ရှိကြောင်း၊ ၎င်းအပြင် လှူဒါန်းထောက်ပံ့သည့် ပစ္စည်းများအားလုံးကို ရေဘေးသင့် ပြည်သူများလက်ဝယ်သို့ မျှမျှတတရရှိစေရန် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ရေဘေးသင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားမှု မပျက်စေရေးအတွက် ကျောင်းများ စီမံဖွင့်လှစ်ပေးထားပြီး ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများကိုလည်း ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ရေဘေးသင့်ပြည်သူများအနေဖြင့် သက်ဆိုင်ရာစခန်းများတွင် လုံခြုံရေး၊ ကျန်းမာရေး၊ စားသောက်ရေးတို့ကို ယခုကဲ့သို့ စနစ်တကျဖြစ်စေရေး ဆက်လက်ထိန်းသိမ်းသွားကြရန်လိုကြောင်း၊ ရေများ ပြန်လည်ကျဆင်းချိန် မိမိတို့၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့် ပြန်လည်လုပ်ကိုင်ကြရန်လိုကြောင်းနှင့် လိုအပ်သည့် အကူအညီများကိုလည်း ပြည်နယ်အစိုးရအဖွဲ့မှ တတ်အားသရွေ့ ပံ့ပိုးကူညီပေးသွားမည် ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ယနေ့ပေးအပ်ပွဲတွင် ယာယီ ရေဘေး ကယ်ဆယ်ရေးစခန်းသုံးခုရှိ ရေဘေးသင့်ပြည်သူများအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ဆန်အိတ် ၆၀၊ ဆီပိသာ ၁၅၀၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ လူတစ်ဦးလျှင် တစ်ပတ်စာဆန်ဖိုး စုစုပေါင်း တန်ဖိုးငွေကျပ် ၁၅၆၆၆၀၀ နှင့် စေတနာရှင် အလှူရှင်များမှ လှူဒါန်းသည့် လူသုံးကုန်ပစ္စည်းများကို ပြည်သူများ၏ လက်ဝယ် အရောက် ထောက်ပံ့ပေးအပ်နိုင်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘီလူးချောင်းတံတား (ရှမ်းပိုင်း) ၏ ရေဝင်ရောက်မှုနှင့် ကြံ့ခိုင်မှု အခြေအနေများ၊ မင်းကျောင်း ကန်သာနှင့် စျေးပိုင်း၊ မင်းစု၊ ဒေါနိုးကူးရပ်ကွက်များ၏ ရေကြီးရေလျှံမှု ဖြစ်ပေါ်နေသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သံယာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်းလောင်းလှူ

ကြံခင်း စက်တင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်တွင် နွစ် (၆၀) ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး ကြည်စိုး ဦးဆောင်သော ရဲဗိသားစုဝင်များစုပေါင်းပြီး မြို့နယ်အတွင်းရှိ ဝါဆိုတော်မူသော သံဃာတော်အရှင်သူမြတ် ၂၁၄ ပါးအား အာရုဏ်ဆွမ်းဆက်ကပ်လောင်းလှူပူဇော်ပွဲကို ယနေ့နံနက် ၄ နာရီက အိမ်တော်ရာလမ်းရှိ တနင်္ဂနွေဆွမ်းကျောင်း၌ကျင်းပရာ အရုဏ်ဆွမ်း၊ ဆွမ်းဟင်းများ လောင်းလှူပူဇော်ပြီးနောက်၊ ရွှေတောင်ကျောင်း တိုက်ဆရာတော် ဘဒ္ဒန္တစန္ဒိမာအား အာရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး သဃ်နိန်းကျွန်းမြို့နယ် သွပ်ပိုင်းကြီး ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်အရပ်ရပ် ဆိုင်ရာ အစည်းအဝေးကို စက်တင်ဘာ ၂၉ ရက်က မြို့နယ် မမ္မရက္ခိတ ဓမ္မာရုံ မြို့နယ်သမဝါယမအသင်းရုံးခန်းမ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ သဘာပတိ ဦးတွန်းလွင်က ဆောင်ရွက်ပြီး မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးအောင်စိုးက သမဝါယမလုပ်ငန်းစဉ်များ၊ သမဝါယမ အသင်းဥပဒေ၊ နည်းဥပဒေ၊ နည်းဥပဒေများ ရှင်းလင်းပြောကြားစဉ်။

အာကာလင်း

ဥပဒေရေးရာများထပ်ဆင့်ရှင်းလင်း

ပဲခူး စက်တင်ဘာ ၂၉

ဥပဒေရေးရာဝန်ကြီးဌာန ပဋ္ဌမအကြိမ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၏ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲကို ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်တင့်က ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၏ လမ်းညွှန်ချက်များနှင့် ဥပဒေရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ၏ လုပ်ငန်းဆိုင်ရာမှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့မှ ခရိုင်ဥပဒေအရာရှိများနှင့် မြို့နယ်ဥပဒေအရာရှိများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဝဏ္ဏ (ပြန်/ဆက်)

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	မြင့်စိုး
သတင်းထောက်မှူး	-	ခင်ရတနာ
စာတည်းများ	-	ဝင်းကျော်၊ ကြည်ဝင်း၊ နေဓာဓာထွန်း
ဘာသာပြန်	-	ခြူးစန္ဒီနွေး၊ တင်လင်းအောင်
စာတည်း		
အကြီးတန်း	-	ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊
သတင်းထောက်များ		ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အယ်ဒီတန်း	-	ဇော်ပိုင်းအောင်၊ ဝေသူနယ်၊ ခင်ဖြူလွေး
သတင်းထောက်များ		
ဓာတ်ပုံ	-	တင်စိုး
သတင်းထောက်		
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀۱۶-၃۱۵۲,၂ စာတည်းအဖွဲ့ ၀۱۶-၃۱۵۲,၅ ဖက်စ် ၀۱۶-၃۱۵۲,၄ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅۹۶۲۰۵၈၊ မနီနေဂျာ ၀၁-၅۹۶۲۰۵۹၊ စီမံ ၀၁-۵۹۶۲۰۵۹ ဌေဒေရင်း ၀၁-۵۹۶۲۰۵۶၊ ကြော်ငြာ ၀၁-۵۹۶۵۵۲۰ ၀၁- ۵۹۵۵۱۱۰။ Fax ၀၁-۵۹۶۱۱۰။ ၀۱۶-۲۶۱۰۶၊ မြန်ချိုရေး ၀၁-۵۹۶۲۰۲၊ Fax ၀၁-۵۶۰۶۲۵۶။

MYANMAR Digital News Presented by MPE
www.mdn.gov.mm

ကျေးရွာသစ်တော ထင်းမျောအိမ်တိုင် လှိုင်လှိုင်ရဖို့ စိုက်ပျိုးစို့

၂၉ - ၉ - ၂၀၂၄ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ညီညီ - စုစည်းသည်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရယ်ယာစောင်ရေ	ရယ်ယာတန်ဖိုး (ကျပ်)
FMI	၈၉၀၀	၈၉၀၀	၅၁	၄၅၃၉၀၀
MTSH	၃၅၀၀	၃၅၀၀	၁၇၀၂	၅၉၅၅၀၀
MCB	၀	၀	၀	၀
FPB	၁၈၀၀	၁၈၀၀	၂၀၀	၃၆၀၀၀၀
TMH	၂၈၀၀	၂၈၀၀	၄၇၃	၁၃,၂၄၄၀၀
EFR	၁၇၀၀	၁၇၅၀	၅၃၃	၉၁၄၆၅၀
AMATA	၀	၀	၀	၀
MAEX	၃၄၀၀	၃၃၅၀	၆၅	၂၂၀၀၀၀
MADPL (PLB)	၃၆၅၀၀	၃၆၅၀၀	၈၄	၃၀၆၆၅၀၀

တို့မြေ တို့ရွာ သာစေကြောင်း

မြင့်မောင်စိုး

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကျေးရွာပေါင်းခြောက်သောင်းကျော်ရှိပါတယ်။ ကျေးရွာအများစု စိုက်ပျိုးအခြေခံတဲ့ ကျေးရွာတွေပါ။ ဒီကျေးရွာတွေစိုက်ပျိုးရေးတွေကောင်းပါမှ၊ ဝင်ငွေတွေကောင်းပါမှ၊ လူမှုစီးပွားတိုးတက်မှ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ သာမန်ကျေးရွာလေးကနေ အဘက်ဘက်က တိုးတက်တဲ့ စံပြကျေးရွာဖြစ်အောင် တက်လှမ်းရမှာဖြစ်ပါတယ်။ ကျေးလက်တွေတိုးတက်မှ မြို့ပြတွေ၊ မြို့ကြီးတွေတိုးတက်မှာပါ။ မြို့တွေတိုးတက်ပါမှ တိုင်းဒေသကြီး၊ ခရိုင်၊ပြည်နယ်တွေအထိ တိုးတက်မယ်။ နောက်တစ်နိုင်ငံလုံး တိုးတက်လာမယ်။ ဒါဆိုရင် တစ်နိုင်ငံလုံး တိုးတက်လာဖို့ဆိုရင် ကျေးရွာတွေအလိုက် တိုးတက်ပြောင်းလဲလာရမှာဖြစ်ပါတယ်။

ဒီလိုဆိုရင် ကျွန်တော်တို့ သွားရောက်လေ့လာခဲ့တဲ့ တရုတ်နိုင်ငံက စံပြကျေးရွာလေး တစ်ရွာအကြောင်း တင်ပြလိုပါတယ်။ ဒီရွာလေးက တရုတ်နိုင်ငံ ချိုချင့်မြို့နယ် ဖူးလင်ဒေသမှာရှိပြီးတော့ စံပြကျေးရွာ အဆင့်ကနေ မြို့ပြအဖြစ်တက်လှမ်းနေတာဖြစ်ပါတယ်။ ကျေးရွာရဲ့အမည်ကတော့ အားတုဆွမ်လို့ခေါ်ပါတယ်။ ဒီရွာလေးရဲ့ နောက်ခံသမိုင်းကြောင်းကလည်း ထူးခြားတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တရုတ်နိုင်ငံရဲ့ နာမည်ကျော်ယန်စီမြစ် ရေကာတာကြီး ဆောက်လုပ်စဉ်က ရေထဲနစ်မြုပ်သွားနိုင်တဲ့ ကျေးရွာတွေကို ကုန်းမြင့်ပိုင်းရွှေ့ပြောင်းပေးခဲ့တဲ့ ကျေးရွာတွေထဲက တစ်ရွာဖြစ်ပါတယ်၊ တရုတ်အစိုးရက ကျေးရွာတွေကို စနစ်တကျ ပြောင်းရွှေ့ပေးခဲ့ပါတယ်။

ကျေးရွာကွန်ပျူတာခန်း။

ကျေးရွာစာကြည့်တိုက်။

အားတုဆွမ်ကျေးရွာနဲ့ ပျော်ရွှင်နေပုံရတဲ့ ရွာသူရွာသားများ

အားတုဆွမ်ကျေးရွာမှာ အိမ်ထောင်စု ၁၀၀၀ လောက်ရှိပါတယ်။ လူဦးရေကတော့ ၃၀၀၀ လောက်ပဲရှိပါတယ်။ ရွာသူရွာသားတွေဟာ အေးချမ်းသာယာတဲ့ လူမှုအသိုက်အဝန်းမှာ ပျော်ရွှင်နေပုံရပါတယ်။ ကျေးရွာရဲ့ အနေအထားကတော့ ယန်စီမြစ်အတွင်းကနေ ကုန်းပေါ်ကိုပြောင်းလာတာဖြစ်လို့ ပြန့်ပြူးနေတဲ့ မြေမျက်နှာသွင်ပြင်အနေအထား မရှိပါဘူး။ တောင်စောင်းတောင်စွယ်တွေ၊ ဆင်ခြေလျှောတွေ၊ တောင်ပူစာ တောင်ကမူတွေမှာ ရှိနေပါတယ်။ သူတို့ရဲ့ စိုက်ပျိုးလုပ်ကိုင်တဲ့လယ်ယာမြေတွေဆိုရင်လည်း ကျွန်တော်တို့ မြေပြန့်ကလို စတုရန်းကွက်တွေ မဟုတ်ကြပါဘူး။ တောင်စောင်းဆင်ခြေလျှောတွေ၊ လေ့ကားထစ်စိုက်ခင်းတွေ ဖြစ်ပါတယ်။ ကျေးရွာရဲ့ လမ်းတွေဆိုလည်း အဆင်းအတက် အကွေ့အကောက်တွေများပါတယ်။ သို့သော်လည်း တချို့လမ်းတွေကို ကွန်ကရစ်ခင်းထားလို့သွားရေးလာရေး အဆင်ပြေပါတယ်။ ကျွန်တော်တို့မြန်မာမီဒီယာအဖွဲ့ရောက်သွားချိန်မှာတော့ စိုက်ခင်းတွေမတွေ့ရပါဘူး။ စိုက်ပျိုးဖို့အသင့်ပြင်ထားတဲ့ လေ့ကားထစ် စိုက်ခင်းမြေတွေပဲ တွေ့ရပါတယ်။

"ကျွန်တော်တို့ အရင်တုန်းကဆိုရင် နှစ်စဉ်ရေကြီးတာလည်း ကြုံရတယ်။ စီးပွားရေးလည်း သိပ်မကောင်းဘူး။ အခုဆိုရင် စီးပွားရေးလည်း ကောင်းတယ်။ ဝင်ငွေလည်းကောင်းတယ်။ အထူးသဖြင့် ချဉ်ဖတ်ထုတ်လုပ်တဲ့ ကုန်ကြမ်းပစ္စည်းဖြစ်တဲ့ မုန်လာဥ အသီးအနှံကနေ ဝင်ငွေရနေတာဖြစ်ပါတယ်။ ဒီအသီးအနှံကနေ တစ်နှစ်တစ်နှစ် ဝင်ငွေ ယွမ် ၁၀ သန်းကျော်ရရှိပါတယ်"ဟု ကျေးရွာသူကြီး ပန်းရောင်ကျန့် ဆိုသူက ပြောပါတယ်။

တစ်ရွာလုံး မုန်လာချဉ်ဖတ်ပြုလုပ်ရာမှာ အသုံးပြုတဲ့ ကုန်ကြမ်းပစ္စည်းကို စိုက်ပျိုးကြရာ တစ်နှစ်ကို ယွမ် ၁၀ သန်း ရရှိတာဖြစ်ပါတယ်။ စိုက်ခင်းတွေ အများကြီးမရှိပေမယ့် အကျိုးအမြတ်ကတော့ များပါတယ်။ အကြောင်းကတော့ သူတို့စိုက်ပျိုးတဲ့ ချဉ်ဖတ်ကုန်ကြမ်းတွေအားလုံးကို အနီးအနားမှာရှိတဲ့ ကုမ္ဍဏီက အကုန်ဝယ်ကြတာ ဖြစ်ပါတယ်။ သူတို့ရဲ့ စီးပွားရေးက ချဉ်ဖတ်စိုက်တဲ့ စီးပွားရေးတစ်ခုတည်းမဟုတ်ပါဘူး။ အခြားစီးပွားရေးလုပ်ငန်းတွေလည်း လုပ်ကြပါသေးတယ်။

သူတို့ရဲ့အလုပ်နဲ့ပတ်သက်တဲ့ ဆောင်ပုဒ်တစ်ခုရှိပါတယ်။ အဲဒါကတော့ "အိမ်ထောင်စုတိုင်းမှာ လုပ်ငန်း တစ်ခုရှိရမယ်။ လူတိုင်းမှာ အလုပ်ရှိရမယ်" အလွန်ကောင်းတဲ့ ဆောင်ပုဒ်ဖြစ်ပါတယ်။ အိမ်တိုင်း အိမ်တိုင်း ဝင်ငွေရတဲ့လုပ်ငန်းတစ်ခုရှိပြီဆိုရင် အဲဒီအိမ်ဟာ တဖြည်းဖြည်း တိုးတက်ကြီးပွားလာမှာသေချာပါတယ်။ လူတိုင်းလူတိုင်း အလုပ်လုပ်ဖို့ အလုပ်နေရာရှိထားဖို့လိုပါတယ်။ အလုပ်နေရာမရှိဘဲ တိုးတက်ကြီးပွားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

ဗဟုသုတပညာတိုးတက်ရာဖွေရာ နေရာတွေလည်းတွေ့ရ

ပြီးတော့ ဒီရွာမှာ ဗဟုသုတပညာတိုးတက်ရာဖွေရာ နေရာတွေလည်း တွေ့ရပါတယ်။ အဲဒါတွေကတော့ စာအုပ်အပြည့်အစုံနဲ့ စာကြည့်တိုက်ရှိတယ်။ ပြီးတော့ လူငယ်လူရွယ်တွေကို ကွန်ပျူတာပညာသင်ကြားဖို့အတွက် ကွန်ပျူတာတွေလည်းရှိတယ်။ နောက်တစ်ခုကတော့ ရွာသူရွာသားတွေ အပန်းဖြေအနားယူနိုင်မယ့် ရုပ်ရှင်ရုံတစ်ခုလည်းရှိတယ်။ အဲဒီရုပ်ရှင်ရုံမှာပဲ လူငယ်လူရွယ်တွေကို ဘဝတိုးတက်ရေး အသက်မွေးဝမ်းကျောင်းပညာရပ်တွေကို သင်ကြားပို့ချပေးသေးတယ်တဲ့ဗျာ။ ဘယ်လောက်ကောင်းတဲ့အစီအစဉ်လဲဆိုတာ သိနိုင်ပါတယ်။ ဒီလိုဆိုရင် ကျွန်တော်တို့ သူတို့ဆီက ဘာပညာတွေ ယူနိုင်သလဲဆိုတာ ကြည့်ကြည့်ရအောင်ဗျာ။ နံပါတ်တစ်အနေနဲ့ ဝင်ငွေရတဲ့ စိုက်ပျိုးရေး ဒါမှမဟုတ် မွေးမြူရေးကို အသေအချာလုပ်ဖို့လိုပါတယ်။ ဈေးကွက်ကို ထိုးဖောက်နိုင်တဲ့ လုပ်ငန်းမျိုးပါ။ ဒါကို သက်ဆိုင်ရာ ဒေသအာဏာပိုင်တွေကလည်း လိုအပ်သလို ကူညီအားပေးဖို့လိုပါတယ်။ ငွေကြေး၊ နည်းပညာစတာတွေဖြစ်ပါတယ်။ ဒါမှသာ သူတို့ရဲ့ လုပ်ငန်းတွေ အဆင်ပြေတိုးတက်လာမှာဖြစ်ပါတယ်။ နောက်နံပါတ်နှစ်က လူငယ်လူရွယ်တွေ အသိပညာ၊ အတတ်ပညာတိုးတက်ဖို့ စာကြည့်တိုက်တွေကနေ ဟောပြောပွဲတွေ၊ စကားပိုင်းတွေကို မကြာခဏ ပြုလုပ်ပေးဖို့လိုပါတယ်။ အသိပညာတွေ ဖြန့်ဝေပေးဖို့လိုပါတယ်။

အတတ်ပညာတွေ တိုးတက်အောင်လုပ်ဖို့လို

နံပါတ်သုံးအနေနဲ့ပြောရမယ်ဆိုရင် အသက်မွေးဝမ်းကျောင်းပညာရပ်တွေကို ကာလတိုအစီအစဉ်တွေချမှတ်ပြီး စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြား ပေးဖို့လိုပါတယ်။ ဒါမှသာ ဘဝရီးလမ်းကို ကောင်းမွန်စွာ လျှောက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။ ကျေးရွာတိုင်း ကျေးရွာတိုင်းမှာ ဝင်ငွေရတဲ့စီးပွားရေးလုပ်ငန်းတွေ ထူထောင်ပေးရမယ်။ အသိပညာ၊ အတတ်ပညာတွေ တိုးတက်အောင်လုပ်ဖို့လိုတယ်။ ပြီးတော့ လူငယ်တွေကို အသိပညာ၊ အတတ်ပညာတွေတိုးတက်လာရုံမကဘူး အသက်မွေးဝမ်းကျောင်းသင်တန်းတွေကိုလည်း စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးသွားမယ်ဆိုရင် ကျေးရွာတွေရဲ့ လူမှုဘဝတွေ တိုးတက်ပြောင်းလဲလာမယ်ဆိုတာ အသေအချာပဲ ဆိုလိုက်ပါရစေ။ ။

> ❖ **ကျေးရွာတိုင်း ကျေးရွာတိုင်းမှာ ဝင်ငွေရတဲ့စီးပွားရေး လုပ်ငန်းတွေ ထူထောင်ပေးရမယ်။ အသိပညာ၊ အတတ်ပညာတွေ တိုးတက်အောင်လုပ်ဖို့လိုတယ်။ ပြီးတော့ လူငယ်တွေကို အသိပညာ၊ အတတ်ပညာတွေ တိုးတက်လာရုံမကဘူး အသက်မွေးဝမ်းကျောင်းသင်တန်းတွေကိုလည်း စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးသွားမယ်ဆိုရင် ကျေးရွာတွေရဲ့ လူမှုဘဝတွေ တိုးတက်ပြောင်းလဲလာမယ်ဆိုတာ အသေအချာပဲ**

တပ်ကုန်းမြို့နယ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ သန့်ရှင်းရေး အရှိန်အဟုန်မြင့်ဆောင်ရွက်

တပ်ကုန်း စက်တင်ဘာ ၂၉

ပြည်ထောင်စုနယ်မြေ နေပြည်တော်တပ်ကုန်းမြို့နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် ရပ်ကွက်၊ ကျေးရွာလမ်းများ၊ စာသင်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းများတွင် အမှိုက်နှင့် သစ်တိုသစ်စများ တင်ကျန်ရစ်ခဲ့ရာ ဥတ္တရာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စံသူ၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မြစိုးတို့ဦးဆောင်၍ တင်ကျန်ရစ်ခဲ့သော အမှိုက်နှင့်သစ်တိုသစ်စများကို ယမန်နေ့က မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ သန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။

အဆိုပါသန့်ရှင်းရေးဆောင်ရွက်ရာ နယ်မြေခံတပ်မှ ဒုရဲမှူး မိုးဇော်နိုင်နှင့် ရဲတပ်ဖွဲ့ဝင် ၂၀၀ ဖြင့်လည်းကောင်း၊ အဆုံ(ဇီးကုန်း)ကျေးရွာနှင့်ဘုန်းတော်ကြီးကျောင်းတွင် အုပ်ချုပ်သူ ဒုရဲမှူးသန်းမြင့်ဦးနှင့် ရဲတပ်ဖွဲ့ဝင် ၁၅၀ ဖြင့်လည်းကောင်း၊ ရောက်ကုန်းကျေးရွာအခြေခံ ပညာအထက်တန်းကျောင်း(ခွဲ)တွင် အုပ်ချုပ်သူ ဒုရဲမှူးသိန်းကျော်ဌေးနှင့် ရဲတပ်ဖွဲ့ဝင် ၅၀ ဖြင့်လည်းကောင်း၊ ကင်းသာကျေးရွာ၊ ကင်းသာမြို့လယ် ဘုန်းကြီးကျောင်းတွင် အုပ်ချုပ်သူဒုရဲမှူး သန်းထိုက်နှင့် ရဲတပ်ဖွဲ့ဝင် ၂၀၀ ဖြင့်လည်းကောင်း၊ သစ်ဆိန်ပင်(တ) ကျေးရွာအဝင်လမ်းနှင့် ရွာတွင်းလမ်းများတွင် အုပ်ချုပ်သူ ဒုရဲမှူးသောင်းညွှန့်နှင့် ရဲတပ်ဖွဲ့ဝင် ၂၀၀ တို့သည် အမှိုက်သရိုက်များ၊ သစ်တိုသစ်စများ၊ ရွှံ့နွံများကို ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တင်စိုးလွင် (ပြန်/ဆက်)

အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတိုက်ဖျက်ရေးအတွက် မြန်မာ-တရုတ်နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများကြား သတင်းဖလှယ်ဆောင်ရွက်၍ ဖော်ထုတ်ဖမ်းဆီးရမိသည့် တရုတ်နိုင်ငံသားတရား၁၀မျိုးအား လွှဲပြောင်းပေးအပ်

အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတိုက်ဖျက်ရေးအတွက် မြန်မာ-တရုတ်နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများကြား သတင်းဖလှယ်ဆောင်ရွက်၍ ဖော်ထုတ်ဖမ်းဆီးရမိသည့် ချန်တာဝေ့ ပါ၀ တရုတ်နိုင်ငံသား ၂၀ ၏ မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် စက်တင်ဘာ ၂၉

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တရားဥပဒေစိုးမိုးရေးနှင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ တိုက်ဖျက်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာ ဝန်ကြီးဌာနတို့ကြား သတင်းဖလှယ်မှုများ ဆောင်ရွက်၍ တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ နှစ်နိုင်ငံတရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများကြား သတင်းဖလှယ်၊ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် တရုတ်နိုင်ငံမှ အလိုရှိတရားခံပြေး ချန်တာဝေ့ဦးဆောင်သော ဒုစရိုက်သမားများ ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည်မှု(ကျားဖြန့်) လုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း သတင်းအရ ၂၀၂၄ ခုနှစ်၊ ဧရှိုင်လ အတွင်း ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့ရာ တရုတ်နိုင်ငံသား ချန်တာဝေ့နှင့် ရန်လျန့်, အပါအဝင် တရုတ်နိုင်ငံသား တရားခံ ၂၀ တို့ကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသော ချန်တာဝေ့ ပါ တရုတ်နိုင်ငံသား ၂၀ တို့အား တရုတ်နိုင်ငံ၌ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်နိုင်ရေး အတွက် လုံလောက်သောအစောင့်အရှောက်များဖြင့် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ တရုတ်နိုင်ငံသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့သည်။

ပြည်ထဲရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အနေဖြင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ အား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ၊ အွန်လိုင်းလောင်းကစားလုပ်ငန်းများ တားဆီးကာကွယ် တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများမှ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပြည်တွင်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတကာသတင်း

ဟစ်ဇ်ဘိုလာခေါင်းဆောင် သေဆုံးသော်လည်း အစ္စရေး၏ရည်မှန်းချက်များပြည့်မီရန် လိုအပ်နေသေးကြောင်း အစ္စရေးဝန်ကြီးချုပ်ပြောကြား

တိုကျို စက်တင်ဘာ ၂၉

အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုတစ်ခုတွင် ခေါင်းဆောင်သေဆုံးပြီးနောက် လက်ဘနွန်အခြေစိုက် ရှီယာမွတ်စလင် ဟစ်ဇ်ဘိုလာအဖွဲ့အား ထိုးစစ်ဆင်မှုကို အရှိန်မြင့်ရန်ဆန္ဒရှိကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ထုတ်ဖော်ပြောကြားသည်။

နေတန်ယာဟုက ၎င်း၏နိုင်ငံသည်ကြီးမားသော အောင်မြင်မှုများ ရရှိခဲ့ပြီး ဟတ်ဆန်နက်စ်ရယ်လာ သေဆုံးခဲ့သော်လည်း အစ္စရေးက သတ်မှတ်ထားသော ရည်မှန်းချက်များပြည့်မီရန် လိုနေသေးကြောင်း ပြောကြားသည်။

မြောက်ဘက်ဒေသများရှိ ဒေသခံများအား ဘေးကင်းလုံခြုံစွာ နေရပ်ပြန်ပို့နိုင်ရေးနှင့် ဒေသအတွင်း အာဏာချိန်ခွင်လျှာကို အပြောင်းအလဲပြုလုပ်ရန် ရည်ရွယ်ထားကြောင်း ၎င်းက ပြောသည်။ ပါလက်စတိုင်းအစ္စလာမ္မစ်အဖွဲ့ ဟားမားစ်ကို ထောက်ခံသည့် ဟစ်ဇ်ဘိုလာတို့အား တိုက်ခိုက်ခြင်းသည် ဂါဇာကမ်းမြောင်တွင် ထိန်းသိမ်းခံထားရသော ဓားစာခံများ လွတ်မြောက်ရေးအတွက် ဖိအားပေးရန်လည်း ရည်ရွယ်ကြောင်း ၎င်းက ပြောသည်။

နက်စ်ရယ်လာသေဆုံးပြီး နောက်ပိုင်းအထိ အစ္စရေးက လက်ဘနွန်ကို တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်ခဲ့ရာ စက်တင်ဘာ ၂၈ ရက်က တိုက်ခိုက်မှုအတွင်း လူ ၃၃ ဦး သေဆုံးပြီး ၁၉၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း လက်ဘနွန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဂါဇာကမ်းမြောင်နှင့် ပါလက်စတိုင်းတို့ကို ထောက်ခံအားပေးမှုနှင့်အတူ လက်ဘနွန်ကို ခုခံကာကွယ်သွားမည်ဟု ဟစ်ဇ်ဘိုလာက ဆက်လက်ပြောဆိုခဲ့သဖြင့် ပဋိပက္ခများ ပိုမိုကျယ်ပြန့်လာမည်ကို စိုးရိမ်မှုများ တိုးလာလျက်ရှိသည်။

အင်နဲအိတ်ချ်ကေ

လက်ဘနွန်အရေး လုံခြုံရေးကောင်စီအရေးပေါ်အစည်းအဝေးခေါ်ယူရန် အီရန်တောင်းဆို

နယူးယောက် စက်တင်ဘာ ၂၉

လက်ဘနွန်နိုင်ငံ၏ နောက်ဆုံးအခြေအနေများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အရေးပေါ်အစည်းအဝေးခေါ်ယူရန် စက်တင်ဘာ ၂၈ ရက်တွင် အီရန်က တောင်းဆိုလိုက်သည်။

တောင်းဆိုသည့်စာ ပေးပို့

ကုလသမဂ္ဂဆိုင်ရာ အီရန်အမြဲတမ်းကိုယ်စားလှယ် အမီရာ ဆာအိဒ်အီရာဗာနီက လက်ဘနွန်အပေါ် ရက်စက်ကြမ်းကြုတ်သည့် လုပ်ရပ်များနှင့်ပတ်သက်ပြီး ချက်ချင်းတုံ့ပြန်ဆောင်ရွက်ရန် လုံခြုံရေးကောင်စီ အဖွဲ့ဝင်များထံ တောင်းဆိုသည့် စာတစ်စောင်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်နှင့် စက်တင်ဘာလ အတွက် လုံခြုံရေးကောင်စီဥက္ကဋ္ဌဖြစ်သည့် ဆန်မြူရယ်ရှဘော်ဂါ တို့ထံ ပေးပို့ခဲ့သည်။

လေကြောင်းတိုက်ခိုက်မှုရှုတ်ချ

ဟစ်ဇ်ဘိုလာခေါင်းဆောင် ဟတ်ဆန်နက်စ်ရယ်လာ သေဆုံးခဲ့သည့် ဘေရွတ်မြို့တောင်ပိုင်းဆင်ခြေဖုံးတွင် အစ္စရေး၏ ပြင်းထန်သော လေကြောင်းတိုက်ခိုက်မှုကို ရှုတ်ချကြောင်းနှင့် အစ္စရေး၏ "ရက်စက်ကြမ်းကြုတ်သော ရန်စမှု" သည် ဒေသတွင်းနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် ကြီးမားသော ခြိမ်းခြောက်မှုဖြစ်ပြီး ဒေသတစ်ခုလုံး ကပ်ဆိုးကြီးတစ်ခု ဆိုက်ရောက်သွားစေခဲ့ကြောင်း ၎င်းက ပြောကြားသည်။

လုံခြုံရေးကောင်စီကိုတောင်းဆို

ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအပေါ် ဆိုးရွားသည့် အကျိုးဆက်များကြောင့် အစ္စရေး၏ လုပ်ရပ်ကို ဖြစ်နိုင်သမျှ အပြင်းထန်ဆုံး ပြတ်ပြတ်သားသားရှုတ်ချရန် အီရန်က လုံခြုံရေးကောင်စီကို တောင်းဆိုလိုက်သည်။

ဆင်ဟွာ

နောက်ဆုံးရနိုင်ငံတကာသတင်းတိုများ

နီပေါ၌ သဘာဝဘေးကြောင့် သေဆုံးသူ ၁၄၈ ဦးရှိ

မုတ်သုံမိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြေပြိုမှုများနှင့် ရေကြီးရေလွှမ်းမှုများကြောင့် စက်တင်ဘာ ၂၉ ရက်အထိ နီပေါနိုင်ငံတစ်ဝန်းတွင် လူ ၁၄၈ ဦး သေဆုံးပြီး ၅၅ ဦး ပျောက်ဆုံးနေကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ခတ္တမန္ဍူတောင်ကြားတွင် သေဆုံးသူ ၄၈ ဦးနှင့် ဒဏ်ရာရသူ ၁၅ ဦးရှိကြောင်း အတည်ပြုထားပြီး ၂၁ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေပြီး အသေအပျောက်များ ထပ်မံတိုးလာနိုင်ဖွယ်ရှိကြောင်း ခါကီက ပြောကြားသည်။

ဆင်ဟွာ

စက်လှေနစ်မြုပ်မှုကြောင့် ကိုးဦးသေဆုံးပြီး ၄၈ ဦး ပျောက်ဆုံးနေ

စက်တင်ဘာ ၂၈ ရက်က တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများကို တင်ဆောင်လာသည့် စက်လှေမှာ အယ်ဟိရိုရိုကျွန်းအနီး နစ်မြုပ်မှုဖြစ်ပွားရာ ကိုးဦးထက်မနည်းသေဆုံးပြီး ၄၈ ဦး ပျောက်ဆုံးနေသည်ဟု စပိန်ပင်လယ်ရေကြောင်း ကယ်ဆယ်ရေးအဖွဲ့က စက်တင်ဘာ ၂၈ ရက်တွင် ပြောသည်။ ကယ်တင်နိုင်ခဲ့သူ ၂၇ ဦးရှိကြောင်း ပင်လယ်ရေကြောင်း ကယ်ဆယ်ရေးအဖွဲ့က ပြောသည်။ ပျောက်ဆုံးနေသူများကို ရဟတ်ယာဉ်များဖြင့် ဆက်လက်ရှာဖွေနေဆဲဖြစ်ပြီး သင်္ဘောများဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည်။

ဆင်ဟွာ

ရေကြောင်းသတိပေးချက်ထုတ်ပြန်

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက် အမှတ်၊ M-9 ရှိ ဇောတိကစီမံကိန်းနှင့် ကမ်းလွန်လုပ်ကွက်အမှတ်၊ M-5 & M-6 ရှိ ရတနာစီမံကိန်းတို့တွင် Geophysical Site Survey လုပ်ငန်းများအား SMS RADIANCE ရေယာဉ်ဖြင့် ကမ်းလွန်လုပ်ကွက် M-9 ရှိ Proposed Well Location ဖြစ်သော GSI Zawtika 21 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၇ မိနစ် ၁၈.၅၈၇၁၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၄ မိနစ် ၅၆.၂၇၆၇၈ စက္ကန့်၊ Proposed Well Location ၏ Survey Boundary တည်နေရာများဖြစ်သော Corner-1 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၆ မိနစ် ၂၀.၈၅၀၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၆ မိနစ် ၂၅.၂၉၈၉ စက္ကန့်၊ Corner-2 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၈ မိနစ် ၅၅.၈၉၈၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၅ မိနစ် ၃၄.၅၃၇၈ စက္ကန့်၊ Corner-3 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၈ မိနစ် ၁၆.၃၃၃၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၃ မိနစ် ၂၇.၂၄၂၀ စက္ကန့်နှင့် Corner-4 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၅ မိနစ် ၄၁.၂၇၄၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၄ မိနစ် ၁၈.၀၂၄၇ စက္ကန့်၊ ကမ်းလွန်လုပ်ကွက်အမှတ် M-9 ရှိ Platform Location တည်နေရာများဖြစ်သော Zawtika-40 to ZWP-16 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၉ မိနစ် ၅၅.၁၂၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၉ မိနစ် ၂၄.၀၂၅ စက္ကန့်၊ Zawtika-40 to ZWP-14 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၆ မိနစ် ၄၂.၅၃၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၁ မိနစ် ၁၇.၇၃၁ စက္ကန့်၊ Zawtika-38 to ZWP-8 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၁ မိနစ် ၅၅.၆၉၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၅ မိနစ် ၂၄.၈၇၈ စက္ကန့်နှင့် Zawtika-35 to PLEM 7 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၃ မိနစ် ၄၀.၈၄၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၀ မိနစ် ၅၀.၀၅၂ စက္ကန့်၊ Platform Location ၏ Connection Location များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ် ၂၁.၅၄၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၃ မိနစ် ၂၅.၂၉၄ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၉ မိနစ် ၅၄.၉၉၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၇ မိနစ် ၄၁.၂၀၁ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၉ မိနစ် ၀၄.၃၆၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၀ မိနစ် ၂၁.၅၂၅ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ မိနစ် ၂၅.၆၃၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၂ မိနစ် ၄၀.၄၀၄ စက္ကန့်၊ ကမ်းလွန်လုပ်ကွက် M-5/M-6 ရှိ Proposed Well Location များဖြစ်သော M5-Exp C1 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၇ မိနစ် ၄၅.၀၇၄၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၀ မိနစ် ၁၀.၄၇၇၁ စက္ကန့်၊ M5-Exp C2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၂ မိနစ် ၅၀.၂၁၆၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၆ မိနစ် ၀၀.၃၉၆၆ စက္ကန့်၊ M6-Exp CA မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၂ မိနစ် ၅၇.၉၁၁၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ် ၅၉.၃၃၁၆ စက္ကန့်နှင့် M6-Exp CF မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၇ မိနစ် ၀၆.၀၁၁၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၉ မိနစ် ၂၉.၁၈၆၅ စက္ကန့်၊ Proposed Well Location ၏ Survey Boundary တည်နေရာများဖြစ်သော M5-Exp C1 ၏ (Corner 1) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၇ မိနစ် ၄၃.၆၁၀၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၈ မိနစ် ၃၆.၃၃၀၈ စက္ကန့်၊ M5-Exp C1 ၏ (Corner 2) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၆ မိနစ် ၄၃.၄၈၃၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၀ မိနစ် ၃၅.၁၂၈၅ စက္ကန့်၊ M5- Exp C1 ၏ (Corner 3) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၈ မိနစ် ၃၈.၈၈၃၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၁ မိနစ် ၃၇.၀၃၉၄ စက္ကန့်၊ M5-Exp C1 ၏ (Corner 4) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၉ မိနစ် ၃၉.၀၁၈၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၉ မိနစ် ၃၈.၂၂၆၄ စက္ကန့်၊ M5-Exp C2 ၏ (Corner 1) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၁ မိနစ် ၅၈.၂၃၈၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၄ မိနစ် ၂၅.၉၅၀၆ စက္ကန့်၊ M5-Exp C2 ၏ (Corner 2) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၀ မိနစ် ၅၈.၁၄၃၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၆ မိနစ် ၂၄.၇၀၆၉ စက္ကန့်၊ M5-Exp C2 ၏ (Corner 3) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၂ မိနစ် ၅၃.၅၅၅၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၇ မိနစ် ၂၆.၅၅၆၄ စက္ကန့်၊ M5-Exp C2 ၏ (Corner 4) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၃ မိနစ် ၅၃.၆၅၈၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၅ မိနစ် ၂၇.၇၈၄၉ စက္ကန့်၊ M6-Exp CA ၏ (Corner 1) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၁ မိနစ် ၅၂.၅၈၈၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ် ၅၂.၄၈၈၇ စက္ကန့်၊ M6-Exp CA ၏ (Corner 2) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၁ မိနစ် ၅၃.၀၅၀၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၅ မိနစ် ၀၆.၆၅၀၉ စက္ကန့်၊ M6-Exp CA ၏ (Corner 3) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၀၃.၂၂၈၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၅ မိနစ် ၀၆.၁၈၆၁ စက္ကန့်၊ M6-Exp CA ၏ (Corner 4) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၀၂.၇၆၈၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ် ၅၂.၁၈၆၁ စက္ကန့်၊ M6-Exp CF ၏ (Corner 1) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၆ မိနစ် ၀၀.၆၉၉၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၈ မိနစ် ၂၂.၃၉၆၇ စက္ကန့်၊ M6-Exp CF ၏ (Corner 2) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၆ မိနစ် ၀၁.၁၇၂၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၀ မိနစ် ၃၆.၄၉၅၀ စက္ကန့်၊ M6-Exp CF ၏ (Corner 3) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၈ မိနစ် ၁၁.၃၄၉၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၀ မိနစ် ၃၅.၉၈၇၀ စက္ကန့်နှင့် M6-Exp CF ၏ (Corner 4) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၈ မိနစ် ၁၀.၈၄၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၈ မိနစ် ၂၁.၈၆၆၆ စက္ကန့်၊ Proposed Well Location များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၇ မိနစ် ၄၅.၂၄၇၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၀ မိနစ် ၁၀.၅၁၄၄ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၂ မိနစ် ၅၀.၃၉၀၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၆ မိနစ် ၀၀.၄၃၄၂ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၂ မိနစ် ၅၈.၀၈၂၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ် ၅၉.၃၆၃၉ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၇ မိနစ် ၀၆.၁၈၃၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၉ မိနစ် ၂၉.၂၁၉၁ စက္ကန့်၊ Propose Well Location ၏ Survey Boundary တည်နေရာများဖြစ်သော Point A ၏ (Corner 1) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၇ မိနစ် ၄၃.၇၈၃၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၈ မိနစ် ၃၆.၃၆၈၂ စက္ကန့်၊ Point A ၏ (Corner 2) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၆ မိနစ် ၄၃.၆၅၆၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၀ မိနစ် ၃၅.၁၆၅၈ စက္ကန့်၊ Point A ၏ (Corner 3) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၈ မိနစ် ၃၉.၀၅၆၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၁ မိနစ် ၃၇.၀၇၆၆ စက္ကန့်၊ Point A ၏ (Corner 4) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၉ မိနစ် ၃၉.၁၉၁၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၉ မိနစ် ၃၈.၂၆၃၈ စက္ကန့်၊ Point B ၏ (Corner 1) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၁ မိနစ် ၅၈.၄၁၁၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၄ မိနစ် ၂၅.၉၈၈၃ စက္ကန့်၊ Point B ၏ (Corner 2) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၀ မိနစ် ၅၈.၃၁၇၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၆ မိနစ် ၂၄.၇၄၄၅ စက္ကန့်၊ Point B ၏ (Corner 3) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၂ မိနစ် ၅၃.၇၂၉၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၇ မိနစ် ၂၆.၅၉၃၉ စက္ကန့်၊ Point B ၏ (Corner 4) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၃ မိနစ် ၅၃.၈၃၁၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၅ မိနစ် ၂၇.၈၂၂၆ စက္ကန့်၊ Point C ၏ (Corner 1) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၁ မိနစ် ၅၂.၇၆၀၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ် ၅၂.၅၂၁၁ စက္ကန့်၊ Point C ၏ (Corner 2) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၁ မိနစ် ၅၃.၂၂၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၅ မိနစ် ၀၆.၆၈၃၁ စက္ကန့်၊ Point C ၏ (Corner 3) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၀၃.၃၉၉၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၅ မိနစ် ၀၆.၂၁၈၃ စက္ကန့်၊ Point C ၏ (Corner 4) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၀၂.၉၃၇၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ် ၅၂.၀၃၃၂ စက္ကန့်၊ Point D ၏ (Corner 1) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၆ မိနစ် ၀၀.၈၄၁၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၈ မိနစ် ၂၂.၄၃၀၃ စက္ကန့်၊ Point D ၏ (Corner 2) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၆ မိနစ် ၀၁.၃၄၄၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၀ မိနစ် ၃၆.၅၂၇၆ စက္ကန့်၊ Point D ၏ (Corner 3) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၈ မိနစ် ၁၁.၅၂၁၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၀ မိနစ် ၃၅.၀၁၉၆ စက္ကန့်နှင့် Point D ၏ (Corner 4) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၈ မိနစ် ၁၀.၀၁၃၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၈ မိနစ် ၂၁.၈၉၉၃ စက္ကန့်တို့တွင် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့မှ နိုဝင်ဘာလ ၂၀ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ M-9 ရှိ ဇောတိကစီမံကိန်းနှင့် ကမ်းလွန်လုပ်ကွက်အမှတ်၊ M-5 & M-6 ရှိ ရတနာစီမံကိန်းတို့တွင် Geophysical Site Survey လုပ်ငန်းများအား SMS RADIANCE ရေယာဉ်ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ် စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်တည်နေရာများမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

မလှိုင်မြို့၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ရွှေ့ပြောင်းစမ်းသပ်စာရင်းကောက်ယူ

မလှိုင် စက်တင်ဘာ ၂၉

မလှိုင်မြို့နယ် သန်းခေါင်စာရင်းကော်မတီက ကြီးမှူးဖွင့်လှစ်သည့် မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်းပွဲကို စက်တင်ဘာ ၂၈ ရက်က မလှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန “ဇေယျာအောင်သံ” အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထက်က ယခုကောက်ယူသည့်စာရင်းသည့် ၁၀ နှစ်တာကာလ အသုံးပြုရမည့် ကိန်းဂဏန်းအချက်အလက်ဖြစ်ကြောင်း မထပ်မကျန်ဖြင့် မှန်ကန်သည့် စာရင်းရရှိအောင် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ကောက်ယူမည့်နည်းလမ်း၊ ဥပဒေ၊ တားမြစ်ချက်များနှင့်အညီ ဆောလျင်စွာပြီးစီးနိုင်ရေး ဆောင်ရွက်ပေးရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဗဟိုသန်းခေါင်စာရင်းကော်မတီ၏ စာရင်းစစ်/စာရင်းကောက် ခန့်အပ်လွှာများကို ပေးအပ်သည်။ သင်တန်းဆင်းပွဲအပြီးတွင် မလှိုင်မြို့ အမှတ်(၂)ရပ်ကွက် တွင် ရွှေ့ပြောင်းစမ်းသပ်ကောက်ယူခြင်းအဖြစ် အဖွဲ့ငယ် ၂၆ ဖွဲ့ခွဲ၍ လက်တွေ့စမ်းသပ် စာရင်းကောက်ယူကြသည်။

မလှိုင်မြို့နယ်၌ ရပ်ကွက်လေးရပ်ကွက်၊ ကျေးရွာအုပ်စု ၅၆ အုပ်စု၊ ကျေးရွာပေါင်း ၂၄၇ ရွာ အိမ်ထောင်စုပေါင်း ၄၀၀၃၄ စု၊ စာရင်းကောက်ကွက်ပေါင်း ၃၆၈ ကွက်ကို စာရင်းကောက်ယူရန် လျာထား၍ စာရင်းစစ် ၂၆ ဦး၊ စာရင်းကောက် စုစုပေါင်း ၁၃၈ ဦး တာဝန်ပေးအပ်ထားကြောင်း သိရသည်။

မြထွန်း(မလှိုင်)

စစ်ကိုင်းမြို့၌ မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်း

စစ်ကိုင်း စက်တင်ဘာ ၂၉

စစ်ကိုင်းမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်းပွဲကို စက်တင်ဘာ ၂၇ ရက်က စစ်ကိုင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အသင်္ခယာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်က စာရင်းစစ်၊ စာရင်းကောက်များအနေဖြင့် မေးခွန်းများကို မေးမြန်းရာမှာ လိမ္မာပါးနပ်စွာ မေးမြန်းကြရန်နှင့် သင်တန်းတွင် ပို့ချချက်များနှင့် မိမိတို့၏ အတွေ့အကြုံပေါင်းစပ်ပြီး သန်းခေါင်စာရင်းမေးခွန်းများပါ အချက်အလက်များကို မှန်မှန်ကန်ကန်ရရှိနိုင်အောင် မေးမြန်းစာရင်းကောက်ကြရန် မှာကြားသည်။ အဆိုပါသင်တန်းတွင် သင်တန်းသားသင်တန်းသူ ၁၃၂ ဦးအား နည်းပြဆရာ ဆရာမခြောက်ဦးတို့က သင်ကြားပို့ချပေးကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းသို့ အလှူငွေပေးအပ်

ရန်ကုန် စက်တင်ဘာ ၂၉

၂၀၂၅ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းတွင် ကျင်းပပြုလုပ်မည့် သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း၏ သတ္တမအကြိမ်မြောက် ဆရာကန်တော့ပွဲနှင့် အသက် (၈၀) နှင့် အထက် အသင်းဝင်ဝန်ထမ်းဟောင်းကြီးများ ကန်တော့ပွဲအတွက် ဦးထွန်းအောင် (ဂါဒီယန်ဝန်ထမ်းဟောင်း) GENSECON MYANMAR LTD က အလှူငွေကျပ် လေးသိန်း၊ အသင်းဘဏ္ဍာရေးမှူးဒေါ်တင်တင်ဝင်းက ငွေကျပ်တစ်သိန်း၊ အမှူဆောင်အဖွဲ့ဝင် ဦးစိုးမင်းက ငွေကျပ် ငါးသောင်း၊ အမှူဆောင်အဖွဲ့ဝင် ဒေါ်သန်းသန်းနုက ငွေကျပ် ငါးသောင်း စုစုပေါင်း အလှူငွေကျပ် ခြောက်သိန်းတိတိကို စက်တင်ဘာ ၂၅ ရက်က အသင်းရုံးခန်းသို့ လာရောက်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေ (မြင့်ဆွေမြင့်) နှင့် အမှူဆောင်များက လက်ခံရယူကြောင်း သိရသည်။ **(ယာဝုံ)**

အေးသန်း(စိန်တိုးကြီး)

ချောက်မြို့နယ်၌ မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်း

ချောက် စက်တင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းအတွက် မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဆင်းပွဲကို စက်တင်ဘာ ၂၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးစိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက် ခန့်အပ်လွှာများကို သင်တန်းသား သင်တန်းသူများအား ပေးအပ်သည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၁၇ ရက်မှ ၂၈ ရက်အထိ နည်းပြ ကိုးဦးဖြင့် ဖွင့်လှစ်သင်ကြားပို့ချပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၃၂ ဦး တက်ရောက်ကြောင်း သိရသည်။

ကျော်မိုး(ပြန်/ဆက်)

သန်လျင်၌ မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်း

ရန်ကုန် စက်တင်ဘာ ၂၉

သန်လျင်ခရိုင် သန်လျင်မြို့နယ်အတွင်း လာမည့်အောက်တိုဘာ ၁ ရက်တွင် စတင်ဆောင်ရွက်မည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဆင်းပွဲကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် သန်လျင်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ရတနာဂျင်းသန့်ခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ မြို့နယ်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်က သင်တန်းဆင်းအမှာစကားပြောကြားပြီး စာရင်းစစ်၊ စာရင်းကောက် ခန့်အပ်လွှာများ ပေးအပ်သည်။

အခမ်းအနားသို့ သန်လျင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)ဦးအောင်မြင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ သန်းခေါင်စာရင်း ကော်မတီဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၇၄ ဦး တက်ရောက်ပြီး သင်တန်းကာလ ၁၀ ရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)

ရမည်းသင်းခရိုင်၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်း

ရမည်းသင်း စက်တင်ဘာ ၂၉

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ရမည်းသင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲနှင့် ထူးချွန်သင်တန်းသား၊ ငါးဦးအား လုပ်ငန်းထူထောင်နိုင်ရန် လုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲကို ယမန်နေ့က ခရိုင်အဆွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ကျင်းပသည်။

အခမ်းအနားတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးက အမှာစကားပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ညွှန်ကြားရေးမှူးချုပ်က ထူးချွန်သင်တန်းသား ငါးဦးအား ငွေကျပ် ၁၄ သိန်း တန်ဖိုးရှိ လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ထူးချွန်သင်တန်းသား သင်တန်းသူ ငါးဦး အား ထူးချွန်ဆုများ၊ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးဝင်ဗိုလ်က သင်တန်းသား ၁၅ ဦးကိုယ်စား သင်တန်းသားသင်တန်းသူသုံးဦး အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြောင်း သိရသည်။

မောင်မွေး

ကာတာ ယူ-၁၇ အသင်းနှင့် ဒုတိယခြေစမ်းပွဲတွင် မြန်မာအသင်း အနိုင်ရ

ရန်ကုန် စက်တင်ဘာ ၂၉

၂၀၂၅ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ကာတာနိုင်ငံ၌ သွားရောက်လေ့ကျင့်နေသည့် မြန်မာ ယူ-၁၇ အသင်းသည် စက်တင်ဘာ ၂၈ ရက်က ကာတာ ယူ-၁၇ အသင်းနှင့် ခြေစမ်းကစားရာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၁၇ အသင်းသည် ကာတာခြေစမ်းခရီးစဉ်တွင် ကာတာ ယူ-၁၇ အသင်းနှင့် ခြေစမ်းပွဲ နှစ်ပွဲကစားရာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။ စက်တင်ဘာ ၂၆ ရက်က ကစားသည့် ပထမခြေစမ်းပွဲတွင် ကာတာ ယူ-၁၇ အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသော်လည်း ဒုတိယခြေစမ်းပွဲတွင် မြန်မာအသင်းက ပြန်လည်အနိုင်ရခဲ့သည်။ မြန်မာအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၅၃ မိနစ်တွင် အောင်သီဟက သွင်းယူခဲ့သည်။

မြန်မာ ယူ-၁၇ အသင်းသည် အောက်တိုဘာလကုန်ပိုင်းတွင် ယှဉ်ပြိုင်ရမည့် အာရှဖလား ယူ-၁၇ ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ကာတာနိုင်ငံ၌ သွားရောက်လေ့ကျင့်ခြင်းဖြစ်ပြီး ပဏာမကစားသမား ၂၆ ဦး ခေါ်ဆောင်သွားသည်။

ညီမြတ်သော်တာ

အာရှဖလား ယူ - ၂၀ ခြေစစ်ပွဲ မြန်မာအသင်း တာ့ခ်မင်နစ္စတန်ကို အရေးနိမ့်

ရန်ကုန် စက်တင်ဘာ ၂၉

၂၀၂၅ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ အုပ်စု (I) နောက်ဆုံးနေ့ကို စက်တင်ဘာ ၂၉ ရက်က ကာဂျစ္စတန်နိုင်ငံ၌ကျင်းပရာ မြန်မာအသင်းသည် တာ့ခ်မင်နစ္စတန်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

နှစ်သင်းစလုံး ခြေစစ်ပွဲအောင်မြင်ရန် ဖျော်လင့်ချက်မရှိသော်လည်း ဂုဏ်သိက္ခာပိုင်းအတွက် ကြိုးစားခဲ့ပြီး တာ့ခ်မင်နစ္စတန်အသင်းက ဂိုးပြတ်နိုင်ပွဲ ရယူနိုင်ခဲ့သည်။ မြန်မာအသင်းသည် ဦးဆောင်ဂိုးသွင်းယူနိုင်သော်လည်း အနိုင်ရလဒ်ကို မထိန်းနိုင်သဖြင့် ဂိုးများပြန်ပေးရကာ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် ဦးဆောင်ဂိုးကို ၁၄ မိနစ်တွင် စောဆဝေါ်ဆေးက သွင်းယူခဲ့သည်။ တာ့ခ်မင်နစ္စတန်အသင်းအတွက် ဂိုးများကို ၁၇၊ ၄၁၊ ၈၉၊ ၉၀+၁ မိနစ်တွင် သွင်းယူခဲ့ပြီး ပထမပိုင်းပြီးခါနီးတွင် တာ့ခ်မင်နစ္စတန်အသင်း တစ်ယောက်အထုတ်ခံရသဖြင့် မြန်မာအသင်း ဒုတိယပိုင်းတွင် တစ်ဦးအသာခဲ့သော်လည်း ချေပဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အပြင် ဂိုးများထပ်ပေးရကာ ဂိုးပြတ် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ခြေစစ်ပွဲအုပ်စုပွဲများ ယှဉ်ပြိုင်ရာတွင် ကာဂျစ္စတန်အသင်းကို နှစ်ဂိုး-ဂိုးမရှိ ဂျပန်အသင်းကို ခြောက်ဂိုးပြတ်၊ တာ့ခ်မင်နစ္စတန်အသင်းကို လေးဂိုး-တစ်ဂိုးတို့ဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

ရဲရင့်လွင်

တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၂၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံ စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ အေးသာယာမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ၁၇၆ ပီပါ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၂၆၀၀၉၃၀)၊ အဆိုပါ စက်သုံးဆီများ တင်ဆောင်လာသည့် UD Tractor Head တစ်စီးနှင့် ဆီသယ်နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၀၀၀၀၀)နှင့် ပြင်ဦးလွင်မြို့ (၂၁) မိုင်အကျော် ညောင်ပေါ်ကျေးရွာလမ်းဘေး၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၁၄၂၀၀)တို့ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၃၅၄/၇)အနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင် အခြားသစ် ၁၂ ဒသမ ၆၈၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၇၁၃၃၄)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Shwe Chan Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကို သစ်တော ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၈၆၄၇၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အရေးယူဆောင်ရွက်

စက်တင်ဘာ ၂၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၃ ဒသမ ၇၅ တန်၊ သစ်မာ ၀ ဒသမ ၄၇၄ တန်၊ အခြားသစ် ၂ ဒသမ ၆၄၁ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၃၀၈၈၉ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဖမ်းဆီးရမိ

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံ တံတားပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ကံတလူပူးပေါင်း စစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့ မော်တော်ယာဉ်လေးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၄၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။ **(ဝဲပုံ)**

ထို့အတူ ရခိုင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်တွေမြို့နယ် မြို့သူကြီးရပ်ကွက်၌ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ ၁၃ ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၇၉၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်း ဆိုင်ရာဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၇၇၉၇၃၆) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

တင်ဒါခေါ်ယူခြင်း

၁။ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်းနှင့် ကျန်စစ်သားလမ်းကြား၊ ပေါင်းကူးလမ်းရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲခွင့်ရှိသော မြေဧရိယာ (၃ ဒသမ ၅၀၈)ဧကတွင် အစိုးရ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံဖြင့် ၄ ခန်းတွဲ ၆ ထပ်တိုက် RC အဆောက်အအုံ (၂၀)လုံးအား ဆောက်လုပ်မည်ဖြစ်ပါ၍ ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တင်ဒါစိစစ်ကြီးကြပ်ရေးအဖွဲ့တွင် မှတ်ပုံတင်ပြီးဖြစ်သည့် မြန်မာနိုင်ငံသားပိုင် ပြည်တွင်းကုမ္ပဏီများမှ တင်ဒါတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁-၁၀-၂၀၂၄ ရက်မှ ၁၄-၁၀-၂၀၂၄ ရက်ထိ

၃။ **တင်ဒါပုံစံရောင်းချမည့် နေရာနှင့်တင်သွင်းရမည့်နေရာ** - ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်း၊ အမှတ်(၃၉၉)၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်** - ၂၄-၁၀-၂၀၂၄ ရက် (ကြာသပတေးနေ့)

၅။ တင်ဒါပွဲကျင်းပမည့်နေ့ရက်အား ကြိုတင်အသိပေးအကြောင်းကြားပါမည်။

၆။ မြေပြင်အခြေအနေအားသိရှိလိုပါက အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ဖုန်း-၀၉ - ၈၉၁၈၀၃၀၆၉ သို့ စုံစမ်းမေးမြန်း၍ ရုံးချိန်အတွင်း သွားရောက်ကြည့်ရှုနိုင်ပါသည်။

၇။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်း၊ အမှတ်(၃၉၉)၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အင်ဂျင်နီယာဌာန (အဆောက်အအုံ) သို့ဖြစ်စေ၊ ဖုန်း-၀၉ - ၈၉၁၈၀၃၀၆၉ သို့ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အသိပေးကြေညာခြင်း

ကျွန်တော်များ Progress Myanmar (PM)Co.,Ltd၏ ၂၄-၉-၂၀၂၄ ရက်တွင် ကျင်းပပြုလုပ်သည့် ရှယ်ယာရှင်အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ အစုရှယ်ယာများအား ၅၀၀၀စု မှ ၂၀၀၀စုထိ လျှော့ချထားပါကြောင်း အများပြည်သူသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
Progress Myanmar (PM) Co.,Ltd

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/5036 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန(ရွာသာကြီး)

တံဆိပ်အမည်အမှတ်အသားအား မှတ်ပုံတင်သွင်းလျှောက်ထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ဂေါက်ကလပ်လမ်း၊ ဖြူပြာမူယာလမ်းသွယ်၊ အိမ်အမှတ်(၁၉/၂၈)နေ ဒေါ်အေးသီတာခန့်မှ ဒေါက်တာနေးချား (Dr. Nature) တံဆိပ်အမည်အမှတ်အသားဖြင့် သဘာဝမြေသြဇာလုပ်ငန်း ထုတ်လုပ် ဖြန့်ချိရောင်းချလျက်ရှိပြီး အဆိုပါ တံဆိပ်အမည်အမှတ်အသားအား ပြင်ဦးလွင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းလျှောက်ထားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်အေးသီတာခန့် ၁၄/မအပ(နိုင်) ၀၁၇၆၀၅
အိမ်အမှတ်(၁၉/၂၈)၊ ဖြူပြာမူယာလမ်းသွယ်၊ ဂေါက်ကလပ်လမ်း၊ ရပ်ကွက်ကြီး (၅)၊ ပြင်ဦးလွင်မြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်၅၊ နည်းဥပဒေ၂၀)
ကျောက်ဆည်မြို့နယ်တရားရုံးတော်၌
၂၀၂၄ ခုနှစ်၊ တရားမကြီးအမှုအမှတ် - ၆၄

ဒေါ်ထက်ထက်ဝေ (တရားလို) နှင့် ဒေါ်တင်ကြည် (တရားပြိုင်)

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ ပြည်လုံးနိုင်ရပ်ကွက်နေ ဒေါ်တင်ကြည်(ဘ)ဦးစု ၉/ကဆန(နိုင်) ၀၅၇၅၅၇ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ထက်ထက်ဝေ(ဘ)ဦးထွန်းတင့်အောင် က မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ ပြည်လုံးနိုင်ရပ်ကွက်ရှိ အကွက်အမှတ်-၁၉ (ပြည်လုံးနိုင်အကွက်)၊ ဦးပိုင်အမှတ်-၅၆ᵃ၊မြို့မြေဧရိယာ ၀ ဒသမ ၀၁၄ ဧက အကျယ်ရှိ မြေကွက်နှင့် ဦးပိုင်အမှတ်-၅၇ᵃ- မြို့မြေဧရိယာ ၀ ဒသမ ၀၂၇ ဧက အကျယ်ရှိ တစ်ဆက်တည်း တည်ရှိသောမြေကွက် အကျယ်ဧရိယာ ၀ ဒသမ ၀၄၁ဧကရှိ ဒေါ်တင်ကြည် အမည်ပေါက် ဂရန်မြေကွက်နှင့်ပက်သက်၍ ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင့်ကိုယ်တိုင်ဖြစ်စေ၊သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်၏ကိုယ်စားလှယ်ရုံးခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်မဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်၊ (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင့်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင့်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင့်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇေယျာမျိုး)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ကျောက်ဆည်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ႋန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄/စိမ်းကိန်း-၂)၊ လူနေရပ်ကွက်အမှတ် (စိမ်းကိန်း-၂)၊ ပင်လုံ (၂)လမ်း၊ မြေကွက်အမှတ် (၃၉၃)၊ အကျယ်အဝန်း (၅၄ပေ/၅၂ပေ × ၆၀ပေ)ရှိ ဦးတင်ငွေ (၁၂/ဥကတ (နိုင်) ၀၅၂၅၆၉) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ မြေကွက်အမှတ် (၃၉၂)နှင့်ကပ်လျက် (၁၅ပေ × ၆၀ပေ) ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဒေါ်ညွန့်ညွန့်ဝေ (၁၂/သဃက (နိုင်) ၁၇၁၈၈၆) နှင့် ဒေါ်သက်သက်ခိုင် (၁၂/သဃက (နိုင်) ၁၇၀၁၇၉) တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး	**ဒေါ်လင်းလင်းထက်**
LL.B, D.B.L, D.I.L.,	**LL.B,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)	**အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)**

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာလမ်း၊ တိုက်အမှတ် (၁၄၂)၊ အခန်း (တတိယထပ်) (၄လွှာ) (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၄ပေ × ၅၄ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စုရည်မွန် (၁၂/ဥကတ (နိုင်) ၁၅၅၅၁၀)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး	**ဒေါ်လင်းလင်းထက်**
LL.B, D.B.L, D.I.L.,	**LL.B,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)	**အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)**

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)
မိတ္ထီလာခရိုင်တရားရုံးတော်
၂၀၂၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၇

၁။ ဒေါ်တင်တင်ဝင်း(ဘ)ဦးသိန်းမောင်	၁။ ဒေါ်လှိုင်လှိုင်မြင့်(ဘ)ဦးမြင့်
၂။ ဒေါ်ကေခိုင်ဇင်(ဘ)ဦးလှမြင့်	၂။ ဦးကျော်ဆန်းလင်း(ဘ)ဦးပိုင်
	၃။ ဒေါ်အေးမွန်သက်(ဘ)ဦးလှမြင့်
လျှောက်ထားသူများ နှင့်	**လျှောက်ထားခံရသူများ**

မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၊ အရှေ့ပြင်ရပ်ကွက်၊ ဖွဲ့ရုပ်ရှင်ရုံဟောင်းဝင်း၊ အမှတ်(၂၂၈)နေ အမှတ်(၂) လျှောက်ထားခံရသူ ဦးကျော်ဆန်းလင်း(ဘ)ဦးပိုင် (ယခုနေရပ်လိပ်စာမသိ) နှင့် ၎င်း၏ဇနီး အမှတ်(၃) လျှောက်ထားခံရသူ ဒေါ်အေးမွန်သက်(ဘ)ဦးလှမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ လျှောက်ထားသူများဖြစ်သော ဒေါ်တင်တင်ဝင်းနှင့် ဒေါ်ကေခိုင်ဇင် တို့က "တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊နည်း-၅၈ အရ ဝရမ်းခွာပေးပါရန် တရားမအထွေထွေမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၂၂ရက်(၁၃၈၆ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ လျှောက်ထားသူတို့၏ အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် လျှောက်ထားသူတို့က ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြု လိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ (သို့တည်းမဟုတ်) သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စိုးမိုးအောင်)
ခရိုင်တရားသူကြီး
မိတ္ထီလာခရိုင်တရားရုံး

တစ်ဦးတည်းဖြစ်ပါကြောင်း

ဗန်းမော်မြို့၊ အထက(၂) Grade-5 မှ မောင်ကောင်းဆက်သူ၏ ဖခင် ဦးကျော်မိုးဝေ (ခ) ဦးစောကျော်မိုးဝေ ၁၄/ဟသတ(နိုင်) ၂၈၅၉၃၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

သင့်စီးပွားရေး
လုပ်ငန်းများ
အောင်မြင်ဖို့
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာစို့

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/8757 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့

ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၉-၂၀၂၄ ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၉) ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့) ၏ ယာဉ်အမှတ် 7W/05012 ကြော်ငြာတွင် ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း အစား ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ၊ ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း ဟုလည်းကောင်း၊ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် အစား(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားလာပါသည် ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/35951 ယာဉ်လက်ဝယ်ရှိသူ ဦးဖိုးသံ ၇/ဝမန(နိုင်) ၀၉၂၆၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီး
ဦးစီးမှူးရုံး(ပဲခူး)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/63987 ယာဉ်လက်ဝယ်ရှိသူ ဦးစံလင်းပိုင် ၇/ညလပ(နိုင်)၂၃၃၉၁၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီး
ဦးစီးမှူးရုံး(ပဲခူး)

မိဘအမည်မှန်

ဝေါမြို့နယ်၊ အထက-ထိန်တပင်ကျောင်း Grade-7 မှ မောင်အောင်သူဟိန်း ၏ မိဘအမည်မှန်မှာ ဦးကျော်သီဟ - ဒေါ်စုစုနွယ် ဖြစ်ပါကြောင်း။

ဦးကျော်သီဟ-ဒေါ်စုစုနွယ်

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်၊ မြေပြင်သာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ဒွိဒသမတန်း) G-12 တွင် ပညာသင်ကြားနေသည့် မတင်ဇာဝင်း ၏ ဖခင်အမည်မှန်မှာ ဦးသန်းလင်း ၈/မသန(နိုင်)၀၉၂၇၀၇ ဖြစ်ပါကြောင်း။

ဦးသန်းလင်း(၈/မသန(နိုင်)၀၉၂၇၀၇)

ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ကျားထူးဆမ်းကျေးရွာနေ(ဘ) ဦးလှဘော် ၏သား မောင်ဇော်မင်းဦး ၈/ဆပဝ(နိုင်)၀၇၆၂၅၄ ၏ နိုင်ငံကူးလက်မှတ်အမှတ် MH-353897 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၂၅၂၅၆၂၅၀၅

ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ကျားထူးဆမ်းကျေးရွာနေ (ဘ)ဦးမြငွေ ၏သမီး မညီမ်းညီမ်းအိ ၈/ဆပဝ(နိုင်)၀၅၉၃၃၃ ၏ နိုင်ငံကူးလက်မှတ်အမှတ် MH-353878 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၂၅၆၂၅၀၅

မိဘအမည်မှန်

ဝေါမြို့နယ်၊ အထက-ထိန်တပင်ကျောင်း Grade-9 မှ မစန်းကေသီ ၏ မိဘအမည်မှန်မှာ ဦးထွန်း-ဒေါ်မာနွယ် ဖြစ်ပါကြောင်း။

ဦးထွန်း-ဒေါ်မာနွယ်

အမည်မှန်

ဝေါမြို့နယ်၊ အထက-ထိန်တပင်ကျောင်း Grade-9 မှ ဦးလှမျိုး-ဒေါ်ခိုင်ဇာလွင် တို့၏သမီး အမည်မှန်မှာ မစုမြတ်ခိုင် ဖြစ်ပါကြောင်း။

မစုမြတ်ခိုင်

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် TLR -8874 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၃ယ/၃၅၈၁၅, Toyo Fit 125 M/C ယာဉ်လက်ဝယ်ရှိသူ Toyomax Tra Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8K/3349, Sm Super Mann L/T(SML-01) ယာဉ်လက်ဝယ်ရှိသူ ဒေါ်မာလာဌေး ၇/ညလပ(နိုင်) ၁၂၀၂၉၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(စစ်ကိုင်း)

ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၉-၂၀၂၄ ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၄) ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)၏ ယာဉ်အမှတ် 63W/47988 ကြော်ငြာတွင် ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း အစား ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ၊ ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း ဟုလည်းကောင်း၊ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် အစား(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားလာပါသည် ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
နေပြည်တော်
လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် အောက်ဖော်ပြပါ (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)**ရာထူးနေရာများလစ်လပ်နေပါ၍ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-**

(က)	အငယ်တန်းအင်ဂျင်နီယာ(၂)	(၁၃) နေရာ
(ခ)	ရုပ်သံကျွမ်းကျင်(၂)(ရုပ်မြင်)	(၁၃) နေရာ
(ဂ)	ရုပ်သံကျွမ်းကျင်(၂)(တိုင်းရင်းသား) (ရှမ်း ၊ ချင်း-လိုင်ဇိုး ၊ အရှေ့ပိုးကရင်)	(၄) နေရာ
(ဃ)	အသံလွှင့်ကျွမ်းကျင်(၂)(အသံလွှင့်)	(၅) နေရာ
(င)	အသံလွှင့်ကျွမ်းကျင်(၂)(တိုင်းရင်းသား) (ကိုးကန့် ၊ 'ဝ' ၊ ကချင် ၊ ကယန်း ၊ ဂေဘား ၊ စကောကရင် ၊ မွန် ၊ ခနု)	(၄) နေရာ
(စ)	အနုပညာရှင်(၂)(ဂီတ)	(၅) နေရာ

၂။ လျှောက်ထားသူသည် -
- (က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) (၃၁-၁၀-၂၀၂၄)ရက်နေ့တွင် အထက်ပါရာထူးများအတွက် အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (ဂ) **ကျန်းမာရေးကောင်းမွန်၍ အအေးခန်းတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။**
- (ဃ) **ရွေးချယ်ခြင်းခံရသူများသည် အမြဲတမ်းဝန်ထမ်းအဖြစ် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးနိုင်ရမည်။**
- (င) နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။
- (စ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း (Removal) ခံရသူများ လျှောက်ထားခွင့်မရှိပါ။
- (ဆ) နိုင်ငံ့ဝန်ထမ်းများသည် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှုရှိပါက မိမိတာဝန် ထမ်းဆောင်နေသည့်ဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ခွင့်ပြုချက်ကို တင်ပြနိုင်ရမည်။

၃။ ခေါ်ယူမည့်ရာထူးအတွက် သတ်မှတ်ချက်များ
- (က) **အငယ်တန်းအင်ဂျင်နီယာ(၂) ရာထူးအတွက်**
  - ME, BE, B-Tech, A.G.T.I.(EP/ EC/ IT/ Mechanical/ Mechatronics), M.Sc(Phys;), B.Sc(Phys;) ရရှိပြီးသူ ဖြစ်ရမည်။
- (ခ) **ရုပ်သံကျွမ်းကျင်(၂)(ရုပ်မြင်) ရာထူးအတွက်**
  - ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ B.A(Journalism), B.A(Myan;), B.A(Eng;), M.A(Eng;) (သို့) B.A(EPP), Diploma in English Language Teaching, Diploma in Global English, Diploma in SEAMEO English အောင်မြင်ပြီးသူများနှင့် အင်္ဂလိပ်ဘာသာ ရေး/ ဖတ်/ ပြော ကျွမ်းကျင်သူ ဦးစားပေးမည်။
  - ကွန်ပျူတာ အခြေခံရှိရမည်။
  - မြန်မာစာ၊ မြန်မာစကားဆိုင်ရာဗဟုသုတနှင့် သတင်းအကြောင်းအရာများကို စိတ်ပါဝင်စားသူများ ဦးစားပေးမည်။
  - ရုပ်ရည်ရူပကာချောမောပြေပြစ်ရမည်။ အသံသြဇာပြည့်စုံကောင်းမွန် ပီသစွာ ပြောဆိုနိုင်ရမည်။ ဘာသာပြန်နိုင်သူ(သို့) English စာ စိတ်ဝင်စားသူဖြစ်ရမည်။
- (ဂ) **ရုပ်သံကျွမ်းကျင်(၂)(တိုင်းရင်းသား) (ရှမ်း၊ ချင်း-လိုင်ဇိုး၊ အရှေ့ပိုးကရင်)ရာထူးအတွက်**
  - ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ အနည်းဆုံးပညာအရည်အချင်းမှာ အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။
  - မြန်မာဘာသာမှ သက်ဆိုင်ရာတိုင်းရင်းသားဘာသာသို့ ကျွမ်းကျင်စွာ ဘာသာပြန်ဆို ရေးသားနိုင်ခြင်း၊ တိုင်းရင်းသားဘာသာစကားအား ကျွမ်းကျင်စွာပြောဆိုနိုင်ခြင်း ရှိရမည်။
- (ဃ) **အသံလွှင့်ကျွမ်းကျင်(၂)(အသံလွှင့်) ရာထူးအတွက်**
  - ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ B.A(Journalism), B.A(Myan;), M.A(Myan;), B.A(Eng;), M.A(Eng;) (သို့) B.A(EPP), Diploma in English Language Teaching, Diploma in Global English, Diploma in SEAMEO English အောင်မြင်ပြီးသူများနှင့် အင်္ဂလိပ် ဘာသာ ရေး/ဖတ်/ပြော ကျွမ်းကျင်သူ ဦးစားပေးမည်။
  - ကွန်ပျူတာ အခြေခံရှိရမည်။
  - မြန်မာစာ၊ မြန်မာစကားဆိုင်ရာဗဟုသုတနှင့် သတင်းအကြောင်းအရာများကို စိတ်ပါဝင်စားသူများ၊ မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့လည်းကောင်း၊ အင်္ဂလိပ်ဘာသာမှ မြန်မာ ဘာသာသို့လည်းကောင်း ဘာသာပြန်နိုင်သူ ဦးစားပေးမည်။ ကိုယ်တိုင်စာမူ ရေးသားနိုင်သူ ဖြစ်ရမည်။ အသံသြဇာ ပြည့်စုံကောင်းမွန် ပီသစွာ ပြောဆိုနိုင်ရမည်။ အသံအရည်အသွေးပိုင်း ဆိုင်ရာနားလည်နိုင်သူ ဖြစ်ရမည်။
- (င) **အသံလွှင့်ကျွမ်းကျင်(၂)(တိုင်းရင်းသား) (ကိုးကန့်၊ 'ဝ'၊ ကချင်၊ ကယန်း၊ ဂေဘား၊ စကောကရင်၊ မွန်၊ ခနု) ရာထူးအတွက်**
  - ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ အနည်းဆုံးပညာအရည်အချင်းမှာ အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။
  - မြန်မာဘာသာမှ သက်ဆိုင်ရာတိုင်းရင်းသားဘာသာသို့ ကျွမ်းကျင်စွာ ဘာသာပြန်ဆို ရေးသားနိုင်ခြင်း၊ တိုင်းရင်းသားဘာသာစကားအား ကျွမ်းကျင်စွာပြောဆိုနိုင်ခြင်းရှိရမည်။
- (စ) **အနုပညာရှင်(၂)(ဂီတ)ရာထူးအတွက်**
  - ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ အနည်းဆုံးပညာအရည်အချင်းမှာ အခြေခံပညာအလယ်တန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။
  - တူရိယာတစ်မျိုးမျိုးကို ကျွမ်းကျင်ပိုင်နိုင်စွာတီးမှုတ်နိုင်ရမည် (သို့) အဆိုပညာ တတ်ကျွမ်းရမည်။

၄။ အရည်အချင်းပြည့်မီသူများကို ရွေးချယ်ခန့်ထားရေးအတွက် အရည်အချင်းစစ်ဆေးရေးစာမေးပွဲများ ရေးဖြေ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ) နှင့် လူတွေ့ကို ရန်ကုန်/ တပ်ကုန်းတို့တွင် ဖြေဆိုရမည်ဖြစ်ပြီး လျှောက်လွှာများကို ကိုယ်ရေးရာဇဝင်အကျဉ်းနှင့် အောက်ပါစာရွက်စာတမ်းများ ပူးတွဲလျက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်-တပ်ကုန်းသို့လည်းကောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ရန်ကုန်ရုံးသို့လည်းကောင်း၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ မြစ်ကြီးနားမြို့၊ မော်လမြိုင်မြို့၊ တောင်ကြီးမြို့၊ ကျိုင်းတုံမြို့၊ ပုသိမ်မြို့များအပြင် နီးစပ်ရာ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများသို့ တိုက်ရိုက်ပေးပို့နိုင်ပြီး စာတိုက်မှ တစ်ဆင့်ပေးပို့လိုပါက ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်-တပ်ကုန်းသို့လည်းကောင်း (၃၁-၁၀-၂၀၂၄)ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်။ (စာတိုက်မှ သော်လည်းကောင်း၊ တိုက်ရိုက်ပို့၍သော်လည်းကောင်း နောက်ကျမှ ရောက်ရှိလာသော လျှောက်လွှာများနှင့် ပြည့်စုံမှုမရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)
- (က) **ကိုယ်ရေးရာဇဝင်အကျဉ်း (လက်ရှိနေထိုင်လျက်ရှိသည့်လိပ်စာနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်များ ထည့်သွင်းရန်)**
- (ခ) **ဘွဲ့လက်မှတ်မိတ္တူ/ ရာထူးများအလိုက်သတ်မှတ်ထားသည့် ပညာအရည်အချင်းမိတ္တူ**
- (ဂ) ဒီပလိုမာအောင်လက်မှတ်များရှိပါကမိတ္တူ
- (ဃ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်း အောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားမိတ္တူ
- (င) ပြင်ပပုဂ္ဂိုလ်များအတွက် သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ လျှောက်လွှာပိတ်ရက်မတိုင်မီ (၃)လအတွင်း ရရှိထားသည့် ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်မူရင်းနှင့် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ပြစ်မှု/ ပြစ်ဒဏ်ကင်းရှင်းကြောင်းနှင့် ခွင့်ပြုကြောင်း ဌာနအကြီးအကဲ၏ ထောက်ခံချက် မူရင်း
- (စ) လိုင်စင်ဓာတ်ပုံ(၂)ပုံ (ဓာတ်ပုံနောက်ကျောတွင် အမည်နှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား အမှတ်ရေးသားရန်)
- (ဆ) အလုပ်သမားမှတ်ပုံတင်မိတ္တူ
- (ဇ) ဝင်ကြေးငွေကျပ် ၅၀၀၀/-ပေးသွင်းသည့် ချလန်မူရင်း (သို့မဟုတ်) စာတိုက်ငွေပို့လွှာ (Money Order)ပြေစာမူရင်း

၅။ စာမေးပွဲဝင်ကြေးငွေကျပ် ၅၀၀၀/- ကိုမြန်မာ့စီးပွားရေးဘဏ်၊ တပ်ကုန်းမြို့ ငွေစာရင်းအမှတ်၊ MD-010390 သို့လည်းကောင်း၊ ရန်ကုန်မြို့အတွက် မြန်မာ့စီးပွားရေးဘဏ်၊ ကမာရွတ် ငွေစာရင်းအမှတ်၊ MD- 010669 သို့လည်းကောင်း၊ ကျန်ပြည်နယ်/ တိုင်းဒေသကြီးများအတွက် ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်-တပ်ကုန်းသို့ လိပ်မူ၍ သက်ဆိုင်ရာစာတိုက် (သို့) အမြန်ချောပို့များမှ တစ်ဆင့် ဤဌာနသို့ ငွေပို့လွှာ (Money Order)ဖြင့် ပူးတွဲ၍လည်းကောင်း ပေးပို့ရပါမည်။

၆။ သတ်မှတ်ချက်ကိုက်ညီသည့် လျှောက်လွှာများအားစိစစ်၍ ရေးဖြေစာမေးပွဲဖြေဆိုရမည့် နေ့ရက်၊ အချိန်၊ နေရာတို့ကိုသတင်းစာများမှ ထပ်မံကြေညာပေးမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်-တပ်ကုန်း၊ တယ်လီဖုန်း အမှတ်၊ ၀၆၇-၈၀၇၉၁၈၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်မ ဒေါ်ဝေဝေလွင် ၁၀/ဘလန(နိုင်)၁၁၃၃၂၉ ၏ မိခင် ဒေါ်သန်းသန်းအေးနှင့် ဒေါ်သန်းအေးသည်အမည်(၂)မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

ဒေါ်ခင်သီရိအောင်ထွန်း ၁၂/သဃက(နိုင်)၁၅၂၆၇၇ နှင့် ဒေါ်ခင်သီရိအောင်ထွဏ်းသည် အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မှော်အရှေ့ရပ်ကွက်၊ အကွက်အမှတ် ၄၁၆၊ ဦးပိုင်အမှတ် ၁၄-က/သင်္ဇာချောင်းပတ်လမ်းနှင့်အောင် မင်္ဂလာလမ်းကြား ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သက်သက်နွယ် ၅/ရဘန (နိုင်) ၁၁၉၅၄၆က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 55W/57223၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ရပ်ကွက်၊ အကွက်အမှတ် ၉၊ ဦးပိုင်အမှတ် ၄၅-က၊ ၆၈လမ်း၊ ၄၀X၄၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဇင်မာညိုဝင်း ၅/ကသန(နိုင်)၁၀၅၅၉၃၊ ဦးဗိုလ်ဟိန်းကျော် ၉/မဟမ(နိုင်)၀၆၅၂၄တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၅၀၄/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဖြူနှင်းဟန် ၉/ခအဇ(နိုင်)၀၀၃၉၀၄က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3M/2627 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ် ကွက်အမှတ်(၅)၊ တကောင်း(၈)လမ်း၊ တိုက်အမှတ်(၄၆၃/က)၊ မြေပေအကျယ် (၂၀ x ၆၀)ပေရှိ မြေပေါ်တွင်ဆောက်လုပ်ထားသော (၁)ခန်းတည်း (၆)ထပ် RC အဆောက်အအုံမှ ပထမထပ်(၂-လွှာ)၊ အခန်းအကျယ်အဝန်း(၁၈x၅၄)ပေ ၊ အမြင့် (၉)ပေရှိ တိုက်ခန်းတစ်ခန်းကို ရောင်းချသူ ဒေါ်နန်းဝေဖြိုးခိုင် ၈/ပခက(နိုင်)၁၇၁၆၄၉က အထက်ပါတိုက်ခန်းကို မိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါတိုက်ခန်းအား အပြီးအပိုင်လက်ရောက်ဝယ်ယူရန် အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဇော်မြင့် ၁၂/မဂဒ(နိုင်)၀၀၀၃၆၈က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန် ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှု အထောက် အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ-
ဒေါ်ရီရီသန့် LL.B,D.B.L,D.M.L,D.I.L(W.I.P.O-Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)
အမှတ်(၅၂၅/ခ)၊မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း-၀၉-၄၃၀၆၆၁၆၄၊၀၉-၇၉၆၆၀၀၂၁၇

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ ၂၀)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၇၂

ဒေါ်ဆုလတ်မွန် **တရားလို** နှင့် **ဦးပြည့်ဖြိုးအောင်(ခ)ဦးပိန်** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ-ရပ်ကွက်)၊ ၅၆လမ်း၊ ၁၃၀x၁၃၁ လမ်းကြားနေ ဦးပြည့်ဖြိုးအောင်(ခ)ဦးပိန် (ဘ)(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သော ဒေါ်ဆုလတ်မွန်က ကုန်ပစ္စည်းဖိုးငွေ ၆၂၂၀၀၀၀နှင့် နစ်နာကြေးငွေ ကျပ် ၃၈၀၀၀၀၀၊ စုစုပေါင်း ၁၀၀၂၀၀၀၀ ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၇ရက်(၁၃၈၆ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ရက်) နေ့မွန်းမတည့်မီ နံနက်(၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၅ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သဲမာဖြိုးဦး)
ဒုတိယမြို့နယ်တရားသူကြီး(၂)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ် ၇၄၆၊ ဦးပိုင်အမှတ် ၁၁ခဲစင်းအရှေ့ခြမ်း၊ ၇၁X၇၂၊ ၃၀x၃၁ကြားရှိ ဦးရာပိုင်၊ ဒေါ်ငွေကိုင်အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၄၃၅၈/၂၀၂၃) ဖြင့် ဦးသန်းထွန်းဦး၊ ဒေါ်သန်းသန်းနွဲ့၊ ဦးအောင်ဆန်းမြင့်၊ ဦးအောင်ဆန်းဝင်းတို့ ၄ ဦးကအမွေဆက်ခံ ခဲ့ပြီး ဒေါ်သန်းသန်းနွဲ့ပါ ၂ ဦးထံမှစွန့်လွှတ်စာချုပ်အမှတ် (၃၁၈/၂၀၂၄)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံသူ ဦးသန်းထွန်းဦး ၉/ပမန(နိုင်)၀၈၃၈၆၄၊ ဦးအောင်ဆန်းဝင်း ၉/မရမ(နိုင်)၀၄၉၄၅၈တို့က ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ ခဲစင်းပြမှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါ က ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7D/4887, Toyota Hilux Surf KZN-185, Station Wagon (4X4)R ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းလင်းမော် ၉/မနမ(နိုင်)၀၀၆၀၅၇၇က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/51276, Yun-125,M/C ယာဉ်လက်ဝယ်ရှိသူYun Yun Co.,Ltd.က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ အင်းဝ(၄)လမ်း၊ မြေကွက်အမှတ်(၅၂၁/ခ)၊ မြေပေအကျယ် (၂၀ x ၆၀)ပေ၊ စတုရန်းပေ(၁၂၀၀)ရှိ ဦးလှဝင်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ကို အမွေဆက်ခံပိုင်ဆိုင်လက်ဝယ်ထားရှိသော ဇနီးဖြစ်သူ ဒေါ်တင်တင် ၁၂/ရကန(နိုင်) ၀၁၄၇၄၅က အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အာစီရိ(၃-ထပ်)လုံးချင်းနေအိမ်အပါအဝင်ကို မိမိသာတရားဝင် ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိ၏သဘောဆန္ဒဖြင့်လွတ်လပ်စွာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုပြီး သားသမီးများမှလည်း သဘောတူညီ ကြောင်းလက်မှတ်ရေးထိုးပေးသဖြင့် အဆိုပါအိမ်ခြံမြေကွက်အားအပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်မျိုးမြင့်ခိုင် ၁၂/ စခန (နိုင်) ၀၀၃၇၆၇နှင့် ဒေါ်သုနန္ဒီစိုး ၁၂/ကမရ(နိုင်) ၀၆၁၁၈၉တို့က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက် အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ-
ဒေါ်ရီရီသန့် LL.B,D.B.L,D.M.L,D.I.L(W.I.P.O-Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)
အမှတ်(၅၂၅/ခ)၊မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၃၀၆၆၁၆၄၊၀၉-၇၉၆၆၀၀၂၁၇

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၀၇)၊ ပြဝတီမင်းကြီးလမ်း၊မြေကွက်အမှတ်(၁၁၇၇/က)၊အကျယ်အဝန်း(၂၀ပေ×၆၀ပေ)ရှိ ဦးကံမြင့်(၁၂/ဒပန(နိုင်)၀၂၁၃၉၇)အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအဆောက်အဦးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ခင်လဲ့လဲ့လှိုင်(၁၂/ဒဂတ(နိုင်)၀၅၄၀၂၇)ထံမှကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန်အတွက်စရံငွေများပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့တရားဝင်ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်ကျော်လှိုင် LL.B,	ဒေါ်သိမ့်သိမ့်ယမင်း LL.B,
အထက်တန်းရှေ့နေ (စဉ်-၄၃၆၈၈)	အထက်တန်းရှေ့နေ (စဉ်-၄၀၈၉၄)
Ph-09421746974,	09-254332312

ကြော်ငြာစာ
မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၄၃၀(ဆ)အရ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားသည့်အပေါ် ထုတ်ဆင့်သည့်ကြော်ငြာစာ
မဟာအောင်မြေခရိုင်တရားရုံးတော်
၂၀၂၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၄၀

(တက်ခ်နိုမက်စ် အင်ဂျင်နီယာရင်းဂရုကုမ္ပဏီလီမိတက်)
TEKNO MAX ENGINEERING GROUP COMPANY LTD
(ကုမ္ပဏီ၏ကိုယ်စား ဒါရိုက်တာ ဒေါ်နန်းကေသီလင်း) **လျှောက်ထားသူ**

